# မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၀၇)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထိပ်သီးအစည်းအဝေးများတက်ရောက်ခဲ့ပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူလူထုများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ ပြည်သူလူထုများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆

**ပန်းကိုလို၍ အပင်ကိုပျိုးခဲ့သည် ပွင့်သောပန်းတို့ လန်းတော့မည်**

ဆောင်းပါး စာ - ၂၂ သို့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာ ကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ**

စာ - ၅၊ ၆ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်)

# နိုင်ငံတော်အတွက် အလွန်အောင်မြင်သောခရီးစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၅ ရက်နေ့မှစတင်ကာ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် နိုဝင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိကျင်းပပြုလုပ်သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion (GMS) Summit၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး 10th Ayeyawady-Chao Phraya- Mekong Economic Cooperation Strategy (ACMECS) Summit နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှုထိပ်သီး အစည်းအဝေး 11th Cambodia-Lao PDR- Myanmar-Vietnam(CLMV) Summit တို့တွင် ပါဝင်တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများပြုခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံရှိသည်။ ရင်းနှီးမြှုပ်နှံမှုများကိုသုံးသပ်ကြည့်ပါက စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၄၈ ရာခိုင်နှုန်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ၀၄ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရှိရသည်။ တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နိုင်သည့်အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် ယခုထက်ပိုမိုပြီးရင်းနှီးမြှုပ်နှံကြရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန်စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် ခိုင်မာအားကောင်းလျက်ရှိကြောင်း ပေါ်လွင်ထင်ရှားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E.Mr.Wang Ning နှင့် နိုဝင်ဘာလ ၅ ရက်ကတွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ယူနန်ပြည်နယ်အကြား စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတို့တွင်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ လူသားအရင်းအမြစ်လေ့ကျင့်မွေးထုတ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတော်အကြီးအကဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr.Li Qiang နှင့် နိုဝင်ဘာလ ၆ ရက်တွင်တွေ့ဆုံစဉ် တရုတ်နိုင်ငံဝန်ကြီးချုပ်က ''မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို အကြမ်းဖက်သည့်နည်းဖြင့် ပြန်လည်မဖြေရှင်းဘဲ နိုင်ငံရေးအရဖြေရှင်းနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးမိကြောင်း'' ဆွေးနွေးပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၇ ရက်ကကျင်းပသည့် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် "ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် (၁၀) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးသို့ဆက်လက်တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အက်မက်စ်အလှည့်ကျဥက္ကဋ္ဌတာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ လာအိုနိုင်ငံဝန်ကြီးချုပ်ကလွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ မွန်းလွဲပိုင်းတွင် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများနှင့်အနီးကပ်ပူးပေါင်းဆောင်ရွက်ရင်း မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သောအလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့မှုများမှာ နိုင်ငံ့အတွက် အကျိုးကျေးဇူးများလှပေသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ တာဝန်ရှိသူများနှင့်တရုတ်ရိုးရာခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက ကြွေးကြော်သံများသံပြိုင်ဟစ်ကြွေး၍ သောင်းသောင်းဖြဖြကြိုဆိုနေကြသည်မှာ ဝမ်းမြောက်ဝမ်းသာပီတိဖြစ်ရပါကြောင်း။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဖင်(FM)အသံလွှင့်အစီအစဉ်

၁၁-၁၁-၂၀၂၄(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက်သဖင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ပါဠိဗျည်း၊ သရများနှင့် မြန်မာဗျည်း၊ သရများ

**ယမန်နေ့မှအဆက်**

ပါဠိဗျည်းများ၊ ပါဠိသရများကို မြန်မာဗျည်းများ၊ မြန်မာသရများဟု အရောရော အထွေးထွေး မှတ်သားခဲ့ကြသည်။ ထွေးရောယှက်တင် အမှတ်အထင်မှားခဲ့ကြသည်။ မည်ကဲ့သို့ ထွေးရောယှက်တင် မှတ်ထင်ခဲ့ကြသနည်းဆိုသော်-

၁။ ပါဠိဗျည်းများ၊ ပါဠိသရများကို မြန်မာဗျည်းများ၊ မြန်မာသရများဟု မကွဲမပြားလွဲမှားမှတ်သားခဲ့ကြသည်။

၂။ မြန်မာဗျည်းအက္ခရာများကို မြန်မာဗျည်းများဟူ၍ ထင်မှားမှတ်သားခဲ့ကြသည်။

၃။ မြန်မာသရများကိုလည်း အကုန်အစင် မှတ်တမ်းမတင်ကြဘဲ သင်ရိုးသရများကိုသာ မြန်မာသရများဟူ၍ မှတ်သားခဲ့ကြသည်။

တစ်ချက်ချင်းရှင်းမှ ရေလည်မည်ဟု ယူဆပါသည်။

**၁။ ပါဠိဗျည်းများ၊ ပါဠိသရများကို မြန်မာဗျည်းများ၊ မြန်မာသရများဟု မကွဲမပြား လွဲမှားမှတ်သားခဲ့ကြသည်။**

ပါဠိဘာသာတွင် ဗျည်း ၃၃ လုံး၊ သရ ၈ လုံး ရှိပါသည်။ ပါဠိဘာသာတွင် ဗျည်းအက္ခရာ၊ သရအက္ခရာ မရှိသဖြင့် ဗျည်း ၃၃ လုံး၊ သရ ၈ လုံး ရှိသည်ဟုဆိုလျှင်ပင် ဗျည်းသံ ၃၃ သံ၊ သရသံ ၈ သံ ရှိသည်ဟု နားလည်ပြီးဖြစ်သည်ဟု ယူရပေသည်။

ပါဠိဘာသာတွင် အက္ခရာမရှိပါ။ ဗျည်းအက္ခရာလည်းမရှိ၊ သရအက္ခရာလည်းမရှိပါ။ ပါဠိဗျည်းအက္ခရာကို မြန်မာတို့ရေးလိုလျှင် မြန်မာဗျည်းအက္ခရာကိုပင် အသုံးပြုပါသည်။ ပါဠိသရအက္ခရာကိုမြန်မာတို့ ရေးလိုလျှင်လည်း မြန်မာသရအက္ခရာကိုပင် သုံးပါသည်။

ပါဠိဘာသာတွင် ဗျည်း ၃၃ လုံး၊ သရ ၈ လုံး ရှိပါသည်။ ပါဠိဘာသာ ဗျည်း ၃၃ လုံးမှာ-

က၊ ခ၊ ဂ၊ ဃ၊ င
စ၊ ဆ၊ ဇ၊ ဈ၊ ဉ
ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ
တ၊ ထ၊ ဒ၊ ဓ၊ န
ပ၊ ဖ၊ ဗ၊ ဘ၊ မ
ယ၊ ရ၊ လ၊ ဝ၊
သ၊ ဟ၊ ဠ၊ အံ တို့ဖြစ်ပါသည်။

ထိုတွင်

က အစ င အဆုံး ၅ လုံးသည် ကဝဂ်ဗျည်း
စ အစ ဉ အဆုံး ၅ လုံးသည် စဝဂ်ဗျည်း
ဋ အစ ဏ အဆုံး ၅ လုံးသည် ဋဝဂ်ဗျည်း
တ အစ န အဆုံး ၅ လုံးသည် တဝဂ်ဗျည်း
ပ အစ မ အဆုံး ၅ လုံးသည် ပဝဂ်ဗျည်း
ယ အစ အံ အဆုံး ၈ လုံးသည် အဝဂ်ဗျည်းတို့ ဖြစ်ကြသည်။

ထိုစာရင်းအရ ကဝဂ်ဗျည်း ၅ လုံး၊ စဝဂ်ဗျည်း ၅ လုံး၊ ဋဝဂ်ဗျည်း ၅ လုံး၊ တဝဂ်ဗျည်း ၅ လုံး၊ ပဝဂ်ဗျည်း ၅ လုံး ဟူသော ဝဂ်ဗျည်း ၂၅ လုံး၊ ဝဂ်ဗျည်းမဟုတ်သော (အဝဂ်)ဗျည်း ၈ လုံး ဟူ၍ ဗျည်း ၃၃ လုံး ရှိသည်။

အထူးမှတ်ဖွယ်မှာ ပါဠိဘာသာတွင် စဝဂ်၏အဆုံးဗျည်း၊ စဝဂ်၏ ဝဏ္ဏဗျည်းသည် ဉ (ဉ ကလေး) ဖြစ်ပါသည်။ ပါဠိဘာသာတွင် ညကြီး မရှိပါ။ ပညာ၊ အညမည၊ ဝိညာဉ်၊ ပုည စသည်တို့မှ ညကြီးများသည် ဉ လေး နှစ်လုံးဆင့်၊ ဉ လေး ဒွေးဘော်များ ဖြစ်ကြပါသည်။ ထို့ပြင် နောက်ဆုံး ဗျည်းကို အံ ဟု ပြသည်မှာ က်၊ ခ်၊ ဂ်၊ ဃ်၊ င် စသောဗျည်းများကို ပြရာ၌ က်၊ ခ် စသောဗျည်းများကို အ သရနှင့်တွဲ၍ က၊ ခ စသည် ပြသကဲ့သို့ နိဂ္ဂဟိတ် (-ံ) မျှသာဖြစ်သော နောက်ဆုံးဗျည်း (-ံ) ကိုလည်း အ သရနှင့်တွဲ၍ အံ ဟု ပြခြင်းဖြစ်ပါသည်။ က၊ ခ စသည် အသံထွက်ရွတ်ဆိုနိုင်သကဲ့သို့ အံ ဟူ၍ အသံထွက်ရွတ်ဆိုနိုင်သော အကျိုးရှိပါသည်။ စင်စစ်အားဖြင့် အ သရ မပါဘဲ က် ဗျည်း၊ ခ် ဗျည်း စသည်တို့ကို အသံထွက်၍ မရွတ်ဆိုနိုင်သကဲ့သို့ အစက်အပြောက် ဗိန္ဒုမျှသာဖြစ်သော နိဂ္ဂဟိတ်ဗျည်း (-ံ) ကိုလည်း အ သရနှင့်မတွဲဘဲ အသံထွက်၍ မရွတ်ဆိုနိုင်ပါ။

ဖော်ပြပါ ပါဠိဗျည်း ၃၃ လုံးကိုပင် မြန်မာဗျည်း ၃၃ လုံးဟု မှတ်ယူခဲ့ကြပါသည်။ မြန်မာဗျည်း ၃၃ လုံးဟု ဆိုရာတွင်လည်း ပါဠိဗျည်း ဉ လေးကို မယူဘဲ ညကြီးဗျည်းကို မြန်မာဗျည်းဟု ရေတွက်ကြပါသည်။ ပါဠိဗျည်း ၃၃ လုံးတွင် နောက်ဆုံးဗျည်းဖြစ်သော နိဂ္ဂဟိတ်ဗျည်း (-ံ) ကို မယူဘဲ(-ံ) ဗျည်းနေရာတွင် (အ) ကို ထည့်သွင်းရေတွက်၍ မြန်မာဗျည်း ၃၃ လုံးဟု ယူမှတ်ကြပါသည်။ မြန်မာသင်ပုန်းကြီးကို သင်ယူသောအခါ က အစ အ အဆုံး ၃၃ လုံးကို မြန်မာဗျည်းများဟု မှတ်ယူကြပါသည်။ စင်စစ်အားဖြင့် အ သည် ဗျည်း မဟုတ်ပါ။ သရသာဖြစ်ပါသည်။ သို့သော် မြန်မာသင်ပုန်းကြီးဖတ်စာတွင် အ ကို ဗျည်းအဖြစ် သတ်မှတ်၍ ရေတွက်ခဲ့ကြပါသည်။ အ ကို ဗျည်းအဖြစ် သတ်မှတ်ရေတွက်ခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် ရှင်းလင်းချက်ပေးထားသည်ကို တွေ့နိုင်ပါသည်။ (ဤစာအုပ် အ အက္ခရာ အကြောင်းတွင်လည်းရှုပါဦး။)

ပါဠိဗျည်းနှင့်သရများ၏ ဌာန်၊ ကရိုဏ်း၊ ပယတ် တို့ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

• **ဌာန်**။ ။ ဌာန်ဆိုသည်မှာ ပါဠိဘာသာ ဌာနကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ အသံဖြစ်ရာ အရပ်ဟုဆိုလိုသည်။ ဌာန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| က၊ ခ၊ ဂ၊ ဃ၊ င၊ ဟ၊ အ၊ အာ | - | ကဏ္ဌဌာန် (လည်ချောင်းအရပ်) |
| စ၊ ဆ၊ ဇ၊ ဈ၊ဉ၊ယ၊ ဣ၊ ဤ | - | တာလုဌာန် (အာစောက်အရပ်) |
| ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ရ၊ ဠ | - | မုဒ္ဓဌာန် (လျှာထိပ်အရပ်) |
| တ၊ ထ၊ ဒ၊ ဓ၊ န၊ လ၊ သ | - | ဒန္တဌာန် (သွားအရပ်) |
| ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ ဥ၊ ဦ | - | သြဋ္ဌဌာန် (နှုတ်ခမ်းအရပ်) |
| ဝ | - | ဒန္တသြဋ္ဌဌာန် (သွား+နှုတ်ခမ်းအရပ်) |
| -ံ (နိဂ္ဂဟိတ်) | - | နာသိကဌာန် (နှာခေါင်းအရပ်) |
| ဧ | - | ကဏ္ဌတာလုဌာန် (လည်ချောင်း + အာစောက်အရပ်) |
| သြ | - | ကဏ္ဌသြဋ္ဌဌာန် (လည်ချောင်း + နှုတ်ခမ်းအရပ်) |

• **ကရိုဏ်း**။ ။ ကရိုဏ်းဆိုသည်မှာ ပါဠိဘာသာ ကရဏ ကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ အသံဖြစ်ကြောင်းဟု ဆိုလိုသည်။ ကရိုဏ်းကို အောက်ပါအတိုင်းမှတ်နိုင်ပါသည်-

| | | |
|---|---|---|
| ကဏ္ဌဌာန် | - | သကဌာန်ကရိုဏ်း (မိမိဌာန်ကရိုဏ်း) |
| တာလုဌာန် | - | ဇိဝှာမဇ္ဈကရိုဏ်း (လျှာလယ်ကရိုဏ်း) |
| မုဒ္ဓဌာန် | - | ဇိဝှောပဂ္ဂကရိုဏ်း(လျှာဖျားအနီးကရိုဏ်း) |
| ဒန္တဌာန် | - | ဇိဝှဂ္ဂကရိုဏ်း (လျှာဖျားကရိုဏ်း) |
| သြဋ္ဌဌာန် | - | သကဌာန်ကရိုဏ်း (မိမိဌာန်ကရိုဏ်း) |

• **ပယတ်**။ ။ ပယတ်ဆိုသည်မှာ ပါဠိဘာသာ ပယတန ကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ အသံဖြစ်ကြောင်း အားထုတ်မှုဟု ဆိုလိုသည်။ ပယတ်ကို အောက်ပါအတိုင်းသတ်မှတ်ထားပါသည်-

| | | |
|---|---|---|
| အ သရ | - | သံဝုဋ္ဌပယတ်(ပိတ်ရွတ်) |
| အာ အစရှိသော ကျန် ၇ လုံး၊ သ၊ ဟ | - | ဝိဝဋ္ဌပယတ် (ဖွင့်ရွတ်) |
| ဝဂ်ဗျည်း ၂၅ လုံး | - | ဖုဋ္ဌပယတ် (ကောင်းစွာထိရွတ်) |
| ယ၊ ရ၊ လ၊ ဝ | - | ဤသံဖုဋ္ဌပယတ် (စဉ်းငယ်ထိရွတ်) |

ပါဠိဗျည်းများနှင့်ပတ်သက်၍ ရှင်းရန်ရှိပါသေးသည်။ ကဝဂ်ဗျည်းများ၏ အသံဖြစ်ရာဌာန်သည် ကဏ္ဌဌာန်၊ လည်ချောင်းအရပ် ဖြစ်သောကြောင့် ယနေ့မြန်မာ ကဝဂ်ဗျည်းသံဖြစ်ရာ အာခေါင်ပျော့ဌာန်၏ နောက်ဘက်သို့ ဆုတ်၍ ရွတ်ရမည်ကဲ့သို့ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး ချင်းလန်းအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့သရေရလဒ်ထွက်ပေါ်

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး ချင်းလန်းအသင်းနှင့်ရာမညယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ ချင်းလန်းအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲချိန် ၈ မိနစ်တွင် ဘုန်းခန့်အောင်က ရာမညယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၁၆ မိနစ်တွင် Bagaya Halidou က ချင်းလန်းအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ချင်းလန်းအသင်းမှ တင့်အောင်ကျော်က ဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ရွှေပြည်သာယူနိုက်တက်အသင်းနှင့်ကချင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ကချင်ယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကချင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၉မိနစ်တွင် Mourabak၊ ပွဲချိန် ၄၅ မိနစ်တွင် Binde Edoua၊ ပွဲချိန် ၈၂ မိနစ်တွင် S Gun Lum၊ ပွဲချိန် ၈၉ မိနစ်တွင် ကျော်ဇင်ဦးတို့က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို ကျော်ဇင်ဦးက ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် -၂ ပြိုင်ပွဲ ပွဲစဉ် (၁၁)အပြီးတွင် University အသင်းက



ဂိုးကွာခြားချက်အသာရမှတ် ၂၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ရပ်တည်နေပြီး ရာမညယူနိုက်တက်အသင်းကလည်း ရမှတ် ၂၄ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဆက်လက်ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

**စည်သူအောင်**

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိ သွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

အခန်းစောင့်ဆရာမလေးက အဝေးသို့ မသွား။ ကျွန်တော့်ကိုပဲ ကြည့်နေသည်။ မိမိလို ရိုးရိုးသားသားဖြေဆိုနေသူတစ်ဦး ကို သံသယများ ဝင်ရက်လေတယ်ဟု ကျွန်တော့်ရင်၌ ဒေါမနဿစိတ်ကလေး ခိုတွဲသွား၏။ ဆရာမလေးကိုလည်း လူ ကဲခတ်ညံ့လှချည်လားဟု အထင်သေး စိတ်တောင် ဝင်လိုက်သေးသည်။

ကျွန်တော့်မှာ စာဖြေရင်းပဲ စာမေးပွဲဝင်ခွင့်ကတ်လေး (Identity Card) ကို ဘာရယ်မဟုတ် ကိုင်မြှောက်လိုက်၏။ မေးခွန်းစာရွက်ကို မြှောက်ကြည့်လိုက်၏။ အဖြေလွှာစာရွက်ကို ဟိုဘက်ဒီဘက် တစ်ရွက်ချင်း လှန်ကြည့်လိုက်၏။ အဓိပ္ပာယ်မှာ မည်သည့်အထောက်အကူမျှမရှိဘဲ ရိုးရိုးသားသားဖြေနေခြင်းသာဖြစ်ကြောင်း ပေါ်လွင်စေခြင်းပင်ဖြစ်ပေသည်။

ကျွန်တော် ရိုးသားစွာဖြေဆိုနေခြင်းကို မည်သို့ပင်ပြုမူပြသနေစေကာမူ ဆရာမလေးကတော့ ကျွန်တော့်နားကမခွာ။ ကျွန်တော့်ကိုသာ တစ်ရစ်ဝဲဝဲအကဲခတ်နေပေသည်။ ဆရာမလေးသည် တဖြည်းဖြည်းနဲ့ ကျွန်တော့်အနားသို့ ပိုမိုနီးကပ်လာသည်ကို ကျွန်တော်သတိထားမိလိုက်သည်။ ဒီတစ်ချီတွင်တော့ ဘာပဲပြောပြော ကျွန်တော် ရင်ထိတ်လာသည်ကတော့အမှန်ပင်။ တစ်ခုခုအကြောင်းပြချက်နဲ့ စာမေးပွဲကြီးကြပ်ရေးမှူးကို တင်ပြလိုက်လျှင် ကျွန်တော် ဆက်မတွေးရဲတော့ပေ။

ဟောဗျာ၊ ကျွန်တော့် စာမေးပွဲဖြေဆိုခွင့်ကတ်လေးကို ဆရာမဆွဲယူသွားပေပြီ။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ကျွန်တော့်မှာ ဆရာမလေးကို မော့မကြည့်ရဲ။ အဖြေလွှာကို အာရုံစိုက်ပြီး ခေါင်းငုံ့ထားလိုက်၏။ ရှင်းရှင်းပြောရလျှင် စီရင်ချက်ချမည့်တရားသူကြီး၏အမိန့်ကိုနာခံနေသည့် တရားခံသို့နှယ်ပေတည်း။ ကျွန်တော့်ရင်ဘတ်ကြီးတစ်ခုလုံး တဒုန်းဒုန်း အသံမြည်နေပေပြီ။ ဒီစာမေးပွဲကို ဝင်ဖြေနိုင်ရေးအတွက် ပေးဆပ်ခဲ့ရသော ဘဝများ၊ အချိန်များ၊ နေ့ပေါင်းများစွာ၊ လပေါင်းများစွာ။ ခုတော့ ဘယ်လိုလဲ ဆင်ပြောင်ကြီးအမြီးကျမှ တစ်ရတော့မှာလား။ ကျွန်တော့်ရင်ထဲတွင် ဇလောင်ဆူနေပေပြီ။

"ကိုဘညွန့် စာမေးပွဲပြန်ဖြေတာလား"

ငါးပေါက်သံ လေချိုအသွေးကြောင့် ကျွန်တော် တအံ့တသြမော့ကြည့်လိုက်သည်။ လှပစွာပြုံးပြနေသော မျက်ဝန်းနက်လေးတစ်စုံ။ အရမ်းအံ့သြရပါပေသည်။ ဘဝ၏အဓိပ္ပာယ်ကို ဆရာမလေး လှလှပပပြသနေချေလေပြီကော။ အခန်းစောင့်ဆရာမလေးကတော့ ဒေါ်သန်းသန်းအေး (ပေါက်ပေါက်) ပါပဲ။ ကျွန်တော် ကျောင်းတက်တုန်းက အတန်းခေါင်းဆောင်ကျွန်တော်၏ ဆိုဆုံးမမှုအောက်က မောင်ရင်းနှမလိုခင်မင်ခဲ့ရသော ချာတိတ်မညိုပြာညက်ကလေး။ အတန်းထဲမှာတော့ သူမကို အိမ်အခေါ် ပေါက်ပေါက်ပဲ ခေါ်ကြသည်။ သူမမှာ စာမေးပွဲတွေအောင်လို့ ပညာရေးဌာနထဲဝင်ပြီး ဆရာမဖြစ်နေပြီ။ ခုဆို အခြေခံပညာအထက်တန်းစာမေးပွဲတွင် အခန်းစောင့်တာဝန်နဲ့ ဆယ်တန်းကျောင်းသားအိုကြီး ကျွန်တော့်ကို စောင့်ရှောက်နေရပါလေပြီကောလား။

● ● ● ● ● ● ●

ဘာသာရပ်အသီးသီးဖြေပြီးသည့်နေ့တွင် စိတ်လက်ပေါ့ပါးသွားသည်။ ကျွန်တော့်ဘဝအတိတ်ရင်ပြင်က ပတ်ဝန်းကျင် အ.ထ.က (၁) ကျောက်ဖြူစာဖြေဌာန၏ သဘာဝဖြစ်ရပ်ကို ကျွန်တော် ကြည့်ဖြစ်လိုက်၏။ ဥပစာကောလိပ်မှ ကုန်သွယ်ရေး ကုန်သိုလှောင်ရုံဖြစ်ခဲ့ရသော အဆောက်အအုံကြီး။ ခုတစ်ခါ အ.ထ.က (၁) တစ်ဖြစ်လဲ ဘဝသို့ရောက်ခဲ့ရပါပေါ့လား။ ကျွန်တော် ကျောင်းနေတုန်းက ကျင်လည်ခဲ့ရသော နေရာဟောင်းကို ကြည့်ပြီး ရင်ထဲတွင် ဝေဒနာတစ်ရပ်ခံစားသွားရသည်။ ယင်းအချိန်က ကုန်သွယ်ရေးဝန်ထမ်းဖြစ်ခဲ့သော ကိုသာညွန့်(နောင်ကဗျာဆရာ မောင်သန္တာ-ကျောက်ဖြူ) ကိုလည်း သတိရလိုက်မိသည်။

သြော် ဘဝစာမေးပွဲလေးတစ်ခု ဖြေဖြစ်ဖို့အတွက် ကြိုးစားလိုက်ရသည့်အဖြစ်၊ ရုန်းကန်လိုက်ရသည့်ဘဝ။ ဤကျောင်းတော်ကြီးမြေအပြင်ကိုခွဲခွာပြီး နှစ်ပေါင်း ၁၂ နှစ်ထိတိုင် ကာလကြာမြင့်ပြီးမှ ဘဝစာမေးပွဲကိုဖြေဖို့ရန် ကျွန်တော် ပြန်လည်ခြေချမိပြန်ပေါ့လား။ ဖြေရှင်းလိုက်ရသည့်ပြဿနာ အဟောတဝ သြချလောက်ပေရဲ့။

**"သြော် ဘဝစာမေးပွဲလေးတစ်ခု ဖြေဖြစ်ဖို့အတွက် ကြိုးစားလိုက်ရသည့်အဖြစ်၊ ရုန်းကန်လိုက်ရသည့်ဘဝ။ ဤကျောင်းတော်ကြီးမြေအပြင်ကိုခွဲခွာပြီး နှစ်ပေါင်း ၁၂ နှစ်ထိတိုင် ကာလကြာမြင့်ပြီးမှ ဘဝစာမေးပွဲကိုဖြေဖို့ရန် ကျွန်တော်ပြန်လည်ခြေချမိပြန်ပေါ့လား။ ဖြေရှင်းလိုက်ရသည့်ပြဿနာ အဟောတဝ သြချလောက်ပေရဲ့. . ."**

● ● ● ● ● ● ●

ကျွန်တော် ၁၀ တန်းစာမေးပွဲကြီး ဖြေပြီးသွားချိန်တွင် ဘာသာစုံအဖြေတွေကို တိုက်ကြည့်လိုက်၏။ အကုန်လုံးအဆင်ပြေသည်။ ကျွန်တော်စိုးရိမ်နေသော လက်တွေ့ပထဝီရာသီဥတုခန့်မှန်းချက်၌ ခန့်မှန်းဖြေထားခဲ့သည်မှာ မှန်သည်။ ဘောဂဗေဒဘာသာရပ် အစမ်းရှင်းတမ်းလည်းကိုက်သည်။ ဘာသာရပ်တစ်ခုချင်း ပျမ်းမျှအမှတ်ပေါင်း ၆၀ ကျော်ဝန်းကျင် သေချာပေါက်ရလိမ့်မည်။ ကျွန်တော့်ဘဝ ပညာရေးမျှော်လင့်ချက်ရောင်ခြည်သန်းခဲ့လေပြီ။

ချိန်ခါသင့်မြတ်၊ ကျရောက်လတ်က
ငါ့ဘဝမွေ၊ ကန္တာဘွေလည်း
ရွှေပိတောက်ခိုင်၊ ငုပန်းလှိုင်တို့
မြိုင်ဆိုင်ရွက်နု၊ ပင်တိုင်းလုကာ
ရတုသာမော၊ ဂီမှာန်တော၌
ဥသြငှက်လျှင်၊ နွေတေးဆင်၍
ပီပြင်အလှ ပေါ်လိမ့်တကား။

ကျွန်တော် နောက်ဆုံးစပ်ဆိုခဲ့သော ကဗျာပိုဒ်ကလေး၏ နောက်ဆုံးပါဒကို အမှတ်ရလိုက်သည်။ ကျွန်တော် တစ်ချက်ပြုံးပစ်လိုက်၏။ သို့သော် ကျွန်တော့်အဖို့ကား မောင်ကြီးမပြန်နိုင်ဖြစ်ခဲ့ရပြန်လေပြီ။ အကြောင်းသော်ကား အားသစ် လူငယ်စာကြည့်တိုက်ကို ဗကပ ဆိုသူတို့က ဖျက်ဆီးပစ်ရန် ရာဇသံပေးထားခဲ့ကြသည်မှာကြာပြီ။ ကျွန်တော် ဤစာကြည့်တိုက်ကို မည်သို့မျှမဖျက်လို။ ရွာသူရွာသားတို့အား စာပေမှပေးသောအသိ၊ စာပေမှပေးသောရသတို့ကို သိစေချင်သည်၊ ရစေချင်သည်။ စာကြည့်တိုက်ဟူသည် တန်ဖိုးမဖြတ်နိုင်သော စာပေရတနာသိုက်ဟု ကျွန်တော် ခံယူထားသည်။

သည့်အတွက် ကျွန်တော် ရွာပြန်လို့ လုံးဝမဖြစ်ဟု ခံယူလိုက်ပေပြီ။ ရွာပြန်လျှင် စာကြည့်တိုက်ကိုဖျက်ရမည်။ မဖျက်လျှင် ကျွန်တော့်အား စာကြည့်တိုက်ထဲထည့်ပြီး မီးရှို့သတ်မည်ဟု ကြုံးဝါးထားပြီးဖြစ်သည်။ ဒီလူတွေက မဟုတ်တာ၊ မမှန်တာလုပ်တဲ့အခါ သစ္စာရှိသည်။ သတ်မည်ဆို တကယ်သတ်သည်။ စာသင်ကျောင်းတွေကို ပိတ်စေဆိုပိတ်ရသည်။ မီးရှို့ချင်မီးရှို့ပစ်သည်။

ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်ပေပြီ။ ၁၀ တန်းစာမေးပွဲအောင်စာရင်း မထွက်မချင်း ကျောက်ဖြူမြို့ကမပြန်။ ကျောက်ဖြူမြို့တွင် လုံခြုံမှုရှိသည့် ခရိုင်မြို့။ ရွှေနံ့သာကျောင်းဆရာတော်ထံတွင် အကျိုးအကြောင်းတင်လျှောက်ပြီး ကျောင်းမှာခိုလှုံခွင့်တောင်းလိုက်သည်။ ဆရာတော်ကြီးကလည်း ငယ်ငယ်ကတည်းက အဖေကြီးနှင့်အတူကျောင်းနေဖက်၊ ကိုရင်ဝတ်ဖက်ဖြစ်ခဲ့သည်မို့ ကျွန်တော့်ကို အရေးစိုက်သည်။ ကျွန်တော် ဘုန်းကြီးကျောင်းမှာပဲ ဆွမ်းပြင်ဆွမ်းကပ်အလုပ်နဲ့ ကပ္ပိယဘဝတစ်ဖြစ်လဲခဲ့ရပြန်ပေါ့။ ဘုန်းကြီးကျောင်းတွင် ကပ်နေခြင်းဖြင့် ကျွန်တော့်အတွက် လွန်စွာအကျိုးများပေသည်။ ကောင်းကောင်းအိပ်ရသည်။ ကောင်းကောင်းနေထိုင်ရသည်။ ညအိပ်ရာမဝင်မီ ဘုန်းကြီး၊ ကိုရင်တွေနှင့်အတူ ဘုရားရှိခိုးရသည်။ ဆရာတော်ကြီးကို ကိုယ်ဆုပ်လက်နယ်ပြုပေးရသည်။ ကောင်းသောအလုပ်မို့ လောကသံသရာနှစ်ဖြာသောအကျိုးကိုရ၍ ကျွန်တော်ကျေနပ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## အမျိုးသားအားကစားပွဲတော်၌ ကရင်ပြည်နယ်မှ အားကစားနည်း ၂၃ မျိုးတွင် အားကစားသမား ၄၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

ဘားအံ နိုဝင်ဘာ ၁၀

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ကရင်ပြည်နယ်မှ အားကစားနည်း ၂၃ မျိုးတွင် အားကစားသမား ၄၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

နေပြည်တော်၌ကျင်းပမည့် အဆိုပါ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ကရင်ပြည်နယ်ကိုယ်စားပြုအားကစားသမားများစေလွှတ်ယှဉ်ပြိုင်ရန်နှင့် အောင်မြင်မှုများရရှိစေရန် အောက်တိုဘာလ ၁ ရက်မှစ၍ ဘားအံမြို့ပေါ်ရှိ အားကစားကွင်းများနှင့် အားကစားရုံများ၌ အားကစားနည်းများအလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

အားကစားသမားများ နေထိုင်စားသောက်ရေးနှင့် လေ့ကျင့်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည့်အပြင် အားကစားသမားများအား ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း ၎င်းတို့ စခန်းသွင်းလေ့ကျင့်သောနေရာများနှင့် တည်းခိုသောနေရာများ၌ ပြည်နယ်အစိုးရအဖွဲ့၏ညွှန်ကြားမှုဖြင့် ကျန်းမာရေးဌာနများမှကြီးမှူးပြီး Medical Care Center များဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ကရင်ပြည်နယ်အနေဖြင့် အဆိုပါအားကစားပွဲတော်၌ အောင်မြင်မှုရရှိစေရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်ပြီး စီမံဆောင်ရွက်နေသကဲ့သို့ အားကစားသမားများကလည်း အောင်မြင်မှုများရရှိစေရန် ကြိုးစားလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

## သဲကုန်းမြို့နယ် ကြက်ခြေနီအသင်း(ခွဲ)မှ ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

သဲကုန်း နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးကျင်းပသော ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၉ ရက်က အောင်ဆန်းစာကြည့်တိုက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)တပ်ဖွဲ့မှူး ဦးမြင့်ကျော်က သဲကုန်းမြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ရှိ အသင်းသား၊ အသင်းသူများအား မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်၊ မိမိနယ်မြေဒေသအလိုက် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြရန်၊ ကြက်ခြေနီအသင်း၏မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ကြိုးစားဆောင်ရွက်ကြရန်နှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာ ကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr. Hun Manet တို့တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr.Yuan Jiajun တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာ ကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီမှ ထုတ်လုပ်ထားရှိသည့် လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တရုတ်ရိုးရာနဂါးနှင့်ခြင်္သေ့အကအဖွဲ့တို့ဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာသောင်းသောင်းဖြဖြကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် တိုင်းရင်းသားပြည်သူများက အားပေးထောက်ခံဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာသောင်းသောင်းဖြဖြကြိုဆိုနေစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တက်ရောက်လာကြသူများ၏ စကားသံများ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုဝင်ဘာလ ၅ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ တရုတ်နိုင်ငံမှာ တရုတ်အစိုးရရဲ့ ဖိတ်ကြားချက်အရ သွားရောက်ခဲ့ပါတယ်။ အဓိကကတော့ (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသ(ဂျီအမ်အက်စ်) အစည်းအဝေး၊ (၁၀)ကြိမ်မြောက် (အက်မက်စ်) အစည်းအဝေး ဧရာဝတီ–ကျောက်ဖရား–မဲခေါင်အစည်းအဝေး၊ (၁၁)ကြိမ်မြောက် (စီအယ်လ်အမ်ဗွီ) အစည်းအဝေးတွေကို တက်ရောက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ နောင်နှစ်မှာဆိုရင် (အက်မက်စ်)ကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံစုံ(အက်မက်စ်)နိုင်ငံတွေကို ဖိတ်ခေါ်ပြီး လုပ်ဆောင်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ တရုတ်နိုင်ငံကိုသွားတဲ့အခါမှာလည်း တရုတ်နိုင်ငံဝန်ကြီးချုပ်နဲ့လည်း တွေ့ဆုံခဲ့ပါတယ်၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရဲ့ ပါတီအတွင်းရေးမှူးနဲ့လည်း တွေ့ဆုံခဲ့တယ်။ နောက်ပြီး ချုံချင့်ပြည်နယ်ရဲ့ပါတီအတွင်းရေးမှူးနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာအပိုင်းခွဲပြီးပြောရမယ်ဆိုရင် နိုင်ငံရေးအရတရုတ်နိုင်ငံအနေနဲ့ ယခင်ကလိုပဲ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကိုအားပေးပါတယ်။ ဒါတွေကို ထပ်မံထပ်လောင်းအသိအမှတ်ပြုတယ်။ တရုတ်နိုင်ငံရဲ့နယ်နိမိတ်၊ တရုတ်နိုင်ငံရဲ့နယ်မြေကို အခြေပြုပြီး မြန်မာနိုင်ငံကိုဆန့်ကျင်နေတဲ့သူတွေ၊ မြန်မာနိုင်ငံနဲ့ ပတ်သက်ဆန့်ကျင်နေတဲ့အဖွဲ့အစည်းမှန်သမျှကို လက်မခံကြောင်း ပြောပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံရဲ့မူဝါဒကိုထပ်လောင်းအတည်ပြုခဲ့တယ်။ တရုတ်နိုင်ငံကိုဆန့်ကျင်တဲ့သူတွေ မြန်မာနိုင်ငံထဲမှာ အခြေမပြုနိုင်အောင် ကျွန်တော်တို့ထပ်မံပြီးတော့ ထပ်လောင်းအတည်ပြုခဲ့ပါတယ်။ ဒါက နိုင်ငံရေးပိုင်းနဲ့ပတ်သက်ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံမြန်မာနိုင်ငံရဲ့ နိုင်ငံရေးစနစ်ခိုင်မာစေဖို့အတွက် တရုတ်နိုင်ငံအနေနဲ့အမြဲတမ်းအားပေးထောက်ခံမှုကိုလည်း ရရှိခဲ့တယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တွေနဲ့ အပြုသဘောဆောင်တဲ့ဆက်ဆံရေး၊ အပြုသဘောဆောင်တဲ့ တိုးတက်မှုတွေကိုရရှိအောင် ဆွေးနွေးနိုင်ခဲ့တယ်။ နောက်တစ်ခု စီးပွားရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံကိုလာပြီး ရင်းနှီးမြှုပ်နှံချင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ကျွန်တော်တို့ ကူမင်းနဲ့ချုံချင့်မှာလည်း တွေ့ဆုံခဲ့တယ်။ အောင်မြင်မှုရခဲ့တယ်။ မြန်မာနိုင်ငံကိုလာရောက်ပြီး စီးပွားရင်းနှီးမြှုပ်နှံလိုမှု၊ စိတ်ဝင်စားတဲ့သူတွေများပါတယ်။ ကျွန်တော်တို့အနေနဲ့က တရုတ်နိုင်ငံမှာ ဆောင်ရွက်ခဲ့တာတွေကို Action Plan အနေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေက တက်တက်ကြွကြွလိုက်လုပ်ဖို့ပဲ လိုအပ်တယ်လို့မြင်ပါတယ်။ တရုတ်ရဲ့ One Belt One Road စီမံကိန်းစတဲ့ မြန်မာနဲ့ဆိုင်တဲ့ CMR မြန်မာ–တရုတ်စီးပွားရေးစင်္ကြံစီမံကိန်းတွေနဲ့ပတ်သက်ပြီးလည်း မကြာမီတိုးမြင့်လာမယ်လို့ မျှော်မှန်းပါတယ်။ လူမှုရေးပိုင်းနဲ့ပတ်သက်ပြီး ပညာရေးကဏ္ဍမှာ တရုတ်နိုင်ငံကနေ မြန်မာနိုင်ငံကို ပြည်နယ်အဆင့်မှာရော၊ ဗဟိုအစိုးရအဆင့်မှာရော ကျွန်တော်တို့ ပညာတော်သင်အဖွဲ့တွေ ပို့ပြီးတော့ခေါ်မှာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးကို ဆက်လက်ပြီးကူညီဆောင်ရွက်ပါမယ်။ ခရီးစဉ်ရဲ့အနှစ်ချုပ်ကို ပြောရမယ်ဆိုရင် ခရီးစဉ်သည်တရုတ်နိုင်ငံတင်မကဘဲ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ရဲ့ ဝန်ကြီးချုပ်တို့နဲ့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ မြန်မာပြည်သူလူထုရဲ့ လူမှုစီးပွားဘဝမြင့်တက်စေရေးအတွက် အထူးကိုပဲအောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဦးဝင်းမြင့်၊ တွဲဖက်အတွင်းရေးမှူး၊**
**မြန်မာနိုင်ငံတရုတ်ကုန်သည်များ**
**အသင်းချုပ်**




ရန်ကုန်မြို့မှာရှိတဲ့ မြန်မာနိုင်ငံသားတရုတ်နွယ်ဖွားပြည်သူများအဖွဲ့က ဒီမှာလာရောက်ပြီးတော့ နိုင်ငံရဲ့အကြီးအကဲကို ကြိုဆိုရတဲ့အတွက် စိတ်ထဲမှာ အင်မတန်ဝမ်းသာပီတိဖြစ်မိပါတယ်။ တရုတ် – မြန်မာနှစ်နိုင်ငံက နှစ်ပေါင်းထောင်နဲ့ချီပြီးတော့ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံတိုးတက်ရေး ၊ ကျွန်တော်တို့နိုင်ငံရဲ့ ခေါင်းဆောင်ကြီး တရုတ်ပြည်မှာ ဆွေးနွေးပြီးတော့ နှစ်နိုင်ငံချစ်ကြည်ရေးအပေါ်မှာ အများကြီးအကျိုးသက်ရောက်မှုရှိတယ်။ တရုတ်–မြန်မာ နှစ်နိုင်ငံ ငြိမ်းချမ်းရေး၊ တိုးတက်ရေး အစစအရာရာဖြစ်နိုင်ပါတယ်လို့ ကျွန်တော်တို့ အပြည့်အဝယုံကြည်ပါတယ်။ ဒါကြောင့် နောက်နောင်မှာလည်း စီးပွားရေး၊ပညာရေး၊ကျန်းမာရေး အစစအရာရာအကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးဇော်ဇော်နိုင်၊ ဥက္ကဋ္ဌ၊ မြန်မာ–အိန္ဒိယ**
**ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

ဒီနေ့အခမ်းအနားကတော့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ပြီး တရုတ်ပြည်ခရီးစဉ်မှာ အောင်မြင်မှုတွေများစွာနဲ့ မြန်မာနိုင်ငံအတွက် စာချုပ်များစွာ ချုပ်ပေးလာတဲ့အတွက် ကျွန်တော်တို့ ရန်ကုန်မြို့ကနေ




လာရောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကို ဂုဏ်ပြုသောအားဖြင့် ကြိုဆိုတာပါ။ နိုင်ငံတော်အစိုးရကတော့ တရုတ်နိုင်ငံရဲ့ ခရီးစဉ်တွေသွားတယ်။ အောင်မြင်တယ်။ ဒီလိုပဲ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံနဲ့ အောင်မြင်မှုတွေ များစွာရှိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် စီးပွားရေးရော၊ ချစ်ကြည်ရေးဦးဆောင်ပြီး လုပ်လာတဲ့အတွက် ဂုဏ်ပြုပြီး လာကြိုတာဖြစ်ပါတယ်။ ကျွန်တော်လည်း ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒီပွဲကို လာတက်ရတာ စိတ်ချမ်းမြေ့ပါတယ်။ ကြည်နူးမိပါတယ်။

**ဦးနောင်တော်လေး၊ အယ်ဒီတာချုပ်**
**Myanmar National Post**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့ တရုတ်ပြည်ကိုစသွားပြီး ဆွေးနွေးဆောင်ရွက်မှုတွေကို စဉ်ဆက်မပြတ်စောင့်ကြည့်တယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့ ဆောင်ရွက်ချက်တွေဟာ တိုင်းပြည်မှာ ပကတိလိုအပ်ချက်




တွေဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့ ဆွေးနွေးမှုတွေ ဆောင်ရွက်နိုင်ခဲ့တယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က လာရောက်ကြိုဆို ဂုဏ်ပြုသင့်တယ်။ ဒီလိုရှုမြင်တဲ့အတွက် အမျိုးသားရေးအင်အားစုတွေအနေနဲ့ လာရောက်ပြီး ကြိုဆိုကြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်၊ တစ်ဖက်က တိုင်းပြည်ကို တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်လုပ်နေတဲ့ အဖွဲ့တွေရဲ့ ဆောင်ရွက်ချက်တွေကို နှိုင်းယှဉ်ကြည့်နေရတာပါ။ အထူးအားဖြင့် တိုင်းပြည်အတွင်းမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်လုပ်နေတဲ့ အဖွဲ့အစည်းတွေ နယ်စပ်ဒေသမှာ အခြားတိုင်းပြည်တွေကို ခြေကုပ်ယူပြီး ကိုယ့်တိုင်းပြည်ကို ဖျက်ဆီးနေတဲ့ အခြေအနေမျိုးမှာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းဖို့ အဓိကဖြစ်နေတယ်။ အထူးအားဖြင့် တရုတ်နိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံတဲ့အခါမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောဆိုခဲ့တဲ့စကားဟာ တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်ဖြစ်တယ်။ MNDAA,TNLA, AA အကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ရပ်တွေဟာဒေသတွင်းမှာနစ်နာဆုံးရှုံးမှုတွေအများကြီးဖြစ်တယ်။ သူတို့ဘက်က ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့သဘောမျိုးမပြဘဲနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်မယ်ဆိုတာက ယုတ္တိမရှိဘူး။ ဒါမျိုးလည်း ခွင့်ပြုတော့မှာ မဟုတ်ဘူး။ ဒီလို ပြတ်ပြတ်သားသားပြောတာကို ကျွန်တော်တို့ မီဒီယာသမားတွေအနေနဲ့ ကြိုဆိုတယ်။ တရုတ်ပြည်အနေနဲ့လည်း တိုင်းရင်းသားလက်နက်ကိုင်ဆိုသူတွေရဲ့ လုပ်ရပ်တွေကို နားလည်လောက်ပြီလို့ ထင်တယ်။ မြန်မာနိုင်ငံတစ်နိုင်ငံတည်း ထိခိုက်တာမဟုတ်ဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း အကြမ်းဖက်လှုပ်ရှားမှုကြောင့် ထိခိုက်မှုတွေရှိတယ်။ ဆုံးရှုံးနစ်နာမှုတွေရှိတယ်။ ဒီအပေါ်မှာ နိုင်ငံတော်အကြီးအကဲရဲ့ ဆွေးနွေးမှုတွေနဲ့ အခြားသော နိုင်ငံခေါင်းဆောင်တွေကလည်း အပြုသဘောဆန်ဆန် သုံးသပ်တတ်မယ်ဆိုရင် ကိုယ့်နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက်သာမက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက်ပါ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုလို့မြင်ပါတယ်။ (၅၀၀)

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက နှံစားပြောင်း ၁၆၇ ဧကစိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက နှံစားပြောင်းကို ဒေသခံတောင်သူများက မေလက စတင်စိုက်ပျိုးခဲ့ပြီး လက်ရှိအချိန်ထိ ၁၆၇ ဧက စိုက်ပျိုးပြီးစီးကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ သီးနှံဝင်ငွေရရှိစေဖို့ရည်ရွယ်ပြီး နှံစားပြောင်းတွေ စိုက်ပျိုးရာမှာ လက်ရှိအချိန်ထိ ၁၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှံစားပြောင်းကို ဒေသခံတောင်သူတွေက မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ကြပြီး သတ်မှတ်ဧကထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် မိုးရွာသွန်းမှု ကောင်းမွန်ခဲ့တာကြောင့် ပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နှံစားပြောင်းတွေ အထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှံစားပြောင်းကို သီးနှံဝင်ငွေတိုးပွားရေးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာဖူလုံစေရေး မိုးရာသီတွင် အဓိကစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် နှံစားပြောင်းစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ



သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် မျိုးကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တိုင်းစစ်ဌာနချုပ်များတွင် မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၀

မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပပြုလုပ်လျက်ရှိရာ နိုဝင်ဘာလ ၈ ရက်နှင့် ယနေ့တို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ဆရာတော်ထံမှ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



ဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အဆိုပါစုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များကလှူဒါန်းသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မအလှူငွေများ ပါဝင်သော ပဒေသာပင်များဆက်ကပ်လှူဒါန်းကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များကလှူဒါန်းသည့် ငွေကျပ် ၄၄၄ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၂၃ ခုကိုလည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များကလှူဒါန်းသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်း ငွေကျပ် ၄၅၆ သိန်းကျော်တန်ဖိုးရှိပဒေသာပင်၆၃ ခုကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကလှူဒါန်းသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေစုစုပေါင်း ငွေကျပ် ၉၃၄ သိန်းကျော်တန်ဖိုးရှိသော ပဒေသာပင် ၅၃ ခုကိုလည်းကောင်း သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ဆရာတော်ထံ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(၁၀၀)

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၁၁၅ | ၃၀၉၀ | ၃၀၄၀ | ၃၁၁၅ | ၃၁၂၅ | ၃၁၄၀ | ၃၀၉၅ | ၄၅၄၀ | ၃၂၅၀ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၀ | ၃၁၄၀ | ၃၁၅၀ | ၃၅၅၅ | ၄၀၅၀ |
| 95 Ron | ၃၂၀၀ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၄၆၉၅ | ၃၄၃၀ | ၃၂၈၀ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၅ | ၂၇၈၅ | ၂၈၀၀ | ၂၇၅၅ | - | ၂၉၁၀ | ၂၇၆၀ | ၂၇၇၅ | ၂၈၁၀ | ၂၇၉၅ | ၂၈၁၀ | ၃၂၁၅ | ၄၀၅၀ |
| HSD (50 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | ၄၈၆၅ | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |
| HSD (10 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | - | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၅ | ၂၉၆၆ |
| 95 Ron | ၃၀၄၉ | ၃၁၄၄ |
| HSD (500 ppm) | ၂၅၄၄ | ၂၆၂၄ |
| HSD (50 ppm) | ၃၁၇၈ | ၃၂၇၁ |
| HSD (10 ppm) | ၃၁၇၈ | ၃၂၇၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက် နံနက် ၇ နာရီ ၄၃ မိနစ် ၂၆ စက္ကန့်အချိန်တွင် တောင်ကြီးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဆီဆိုင်မြို့၏အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၀ ဒသမ ၁၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၄၈ ဒီဂရီ အနက် ၅၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

---

## အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်(၁၁) ဘောလုံးပွဲရလဒ်များ

| | | | | | |
|---|---|---|---|---|---|
| မန်ယူ | ၃ - ၀ | လက်စတာ | လီဗာပူး | ၂ - ၀ | ဗီလာ |
| နော်တင်ဟမ် | ၁ - ၃ | နယူးကာဆယ် | ဘရိုက်တန် | ၂ - ၁ | မန်စီးတီး |
| စပါး | ၁ - ၂ | အစ်ဆွစ် | ချဲဆီး | ၁ - ၁ | အာဆင်နယ် |

---

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၀°C / | ၂၈°C |
| ရန်ကုန် | ၂၂°C / | ၃၁°C |
| မန္တလေး | ၂၄°C / | ၂၉°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၁၀-၁၁-၂၀၂၄ ရက်နေ့အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၇.၀ | ၄၄.၆ |
| တီးတိန်မြို့ | ၁၀.၄ | ၅၀.၇ |
| မြစ်ကြီးနားမြို့ | ၁၃.၂ | ၅၅.၈ |

# ဘုတလင်မြို့နယ်၌ နေကြာ ၄၅၇၅ ဧကရိတ်သိမ်း တစ်ဧကလျှင် ၂၄ ဒသမ ၂၃ တင်းထွက်ရှိ

ဘုတလင် နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၄၅၇၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ရာ တစ်ဧကလျှင်၂၄ ဒသမ ၂၃ တင်းထွက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ဘုတလင်မြို့နယ်၌ နေကြာသီးနှံ ၅၇၀၆ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၅၇၁ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် စိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ၄၅၇၅ ဧကရိတ်သိမ်းပြီးစီးနေပြီဖြစ်သည်။

ဘုတလင်မြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း ၊ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၀၉)



# လက်တူးတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

ဖာပွန် နိုဝင်ဘာ ၁၀

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက ကမမောင်းကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့်အတူ လက်တူးတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားသည်။

ကမမောင်းကျေးရွာ၌ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၉၄ သန်းဖြင့် အကျယ် ၆ ပေ၊ အနက်ပေ ၄၀ ရှိသည့် လက်တူးတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်း၊ ၂ လက်မ PVC ပိုက်ပေ ၂၀၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ဇွန်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုသက်

# VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်



ရမည်းသင်း နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြင်းနားကျေးရွာအုပ်စု ကံသာအေးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကံသာအေးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကံသာအေးကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့် (ကျေးလက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၁-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ |
| ၃။ | ၀၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၈:၂၀ | ရှေးဟောင်းသုတ |
| ၆။ | ၀၉:၂၅ | ကျန်းမာသုတ |
| ၇။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈။ | ၁၁:၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၉။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၀။ | ၁၉:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း ဂုဏ်ကြီးရှင်မမ (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင် ရဲအောင်၊ စိုးမြတ်သူဇာ ဒါရိုက်တာ မောင်နီလွင်(သပြု) |

## အောင်စည်ဟိန်းလို့အောင်ကိန်းတည်

❖ တို့နိုင်ငံ ပြည်ရွာအရေး
စည်သာအေး ဖွံ့ဖြိုးရန်
နိုးကြားထက်သန်၊
နိုင်ငံ့ဝန် ဦးထိပ်ပန်
ကြံစည်ခဲ့ မရပ်မနား။
မြေဒ်မြင်ကာ ရေရှည်တွေးလို့
လေးနက်စိတ်ထား။

❖ တို့မြန်မာ ထုံးဓလေ့
သိမ်မွေ့လို့ ဖော်ရွေ၊
တို့နိုင်ငံ ရင်းမြစ်များနဲ့
စည်ကားလို့နေ၊
ကြိုးစားစို့ တို့တစ်တွေ
ညီစေကွဲ့ မရပ်မနား။
ကျရာဝန် ကျေစတမ်းကွဲ့
စွမ်းဆောင်စို့လား။

❖ နိုင်ငံတကာ မိတ်ဖက်များနဲ့
အင်အားက ခိုင်ကျည်
တွဲလက်ညီညီ၊
ဖွံ့ဖြိုးဖို့ ဦးတည်
မှန်းရည်စို့ တစ်စိတ်တစ်ဝမ်း။
ကမ္ဘာမှာ မြန်မာဟေ့
ရှေ့သို့ချီလှမ်း။

❖ အောင်ပန်းပန် အောင်လံမြူး
အောင်သံကျူး အောင်ပွဲချီ
အောင်ဖွဲ့ကိုတည်၊
အောင်နိမိတ် အောင်စိတ်ရည်
အောင်ရမည် အောင်မိတ်ဖွဲ့။
အောင်ပန်းဝေ အောင်ခရီးက
အောင်ပြီးအောင်ခဲ့။

❖ ပြည်သူတွေ ထောင်သောင်းမက
သောင်းသောင်းဖြ လှိုက်လှဲစွာ
အားရဝမ်းသာ၊
ဆီးကြိုကြ သူသူငါ
မင်္ဂလာ စည်တော်ဟိန်း။
တို့နိုင်ငံ ဆတက်တိုးလို့
ဖွံ့ဖြိုးမည့်ကိန်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကိုမည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui က ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr.Dai Jin Tao က ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

❑ ကျောဖုံးမှအဆက်

ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr. Dai Jin Tao ၊ နန်နင်းမြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ်ဒေါ်ခိုင်ဆုလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုပန်းစည်းဖြင့် လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

**Hytera Communications Corporation Limited**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited သို့သွားရောက်လေ့လာကြရာ Founder and Chairman ဖြစ်သူ Mr. Chen Qingzhou နှင့် ကုမ္ပဏီမှ ထုတ်လုပ်သော ဆက်သွယ်ရေးနည်းပညာရပ်ဆိုင်ရာပစ္စည်းများနှင့် အသုံးဝင်မှုများ၊ အရေးပေါ်အခြေအနေများ၌ ဆက်သွယ်မှုမပြတ်တောက်စေရေး၊ ကဏ္ဍအလိုက် အခမ်းအနားကြီးများပြုလုပ်ရာတွင် ဆက်သွယ်မှုစနစ်လွယ်ကူမြန်ဆန်ချောမွေ့စေရေး ဆောင်ရွက်နိုင်ခဲ့မှုများအတွက် ဆုတံဆိပ်များရရှိခဲ့မှုများ၊ ခေတ်အလိုက် ပြောင်းလဲတိုးတက်လာသည့် နည်းပညာနှင့်အတူ ဆန်းသစ်တီထွင်ထုတ်လုပ်ထားရှိပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးပေးလျက်ရှိသည့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ စသည်တို့ကိုလိုက်လံရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များနှင့် အကြံပြုချက်များကို ပြန်လည်ဆွေးနွေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited တွင် ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Tide Rises in the Pearl River Exhibition Center အတွင်း ကြည့်ရှုလေ့လာစဉ်။

တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီပြခန်းမအတွင်း၌ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းကို ဖွင့်လှစ်ပြသပြီး သမိုင်းအကျဉ်း၊ ကမ္ဘာတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိသည့် ကို ပြန်လည်ဆွေးနွေးခဲ့သည်။

**The Tide Rises in the Pearl River Exhibition Center**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွမ်တုံပြည်နယ်၏ ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်စီးပွားရေးဆောင်ရွက်မှုများ အကောင်အထည်ဖော်ခဲ့သည့် နှစ် ၄၀ မြောက် အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် "The Tide Rises in the Pearl River Exhibition Center" သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ပြတိုက်မှူး Mr. Huang Chen နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှန်းကျန့်မြို့၏ ခေတ်အဆက်ဆက် ပြုပြင်ပြောင်းလဲတိုးတက်လာမှုသမိုင်းမှတ်တမ်းကို ဖွင့်လှစ်ပြသသည်။ ထို့နောက် နှစ်အလိုက်ပြောင်းလဲလာသည့် ကွမ်ကျိုးလူနေမှုဘဝ၊ ပညာရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ ကွမ်တုံပြည်နယ်၏ သင်္ကေတ၊ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပြည်တွင်း၊ ပြည်ပ **စာမျက်နှာ ၁၂ သို့** ❑





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Civic Center ရှိ LED Light Show ရောင်စုံမီးအလှများအား နည်းပညာအသုံးပြု၍ လူအများစိတ်ဝင်စားစေရန် ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုလေ့လာစဉ်။

❑ စာမျက်နှာ ၁၁ မှအဆက်

တင်ပို့ရောင်းချလျက်ရှိသည့် ချည်ထည်ပြခန်းအပါအဝင် ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်လာသည့် မှတ်တမ်းဓာတ်ပုံများ၊ သရုပ်ပြပုံများ၊ အထူးစီးပွားရေးဇုန် စတင်ထူထောင်ခဲ့မှုမှတ်တမ်းများ၊ အခြေခံအဆောက်အဦ စတင်ဆောက်လုပ်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများနှင့် ပစ္စည်းများခင်းကျင်းပြသထားရှိမှုနှင့် ပြုပြင်ပြောင်းလဲမှုကာလတစ်လျှောက် ပါတီဗဟိုကော်မတီက ချမှတ်ပေးခဲ့သော ပြုပြင်ပြောင်းလဲမှုနှင့် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှုပြခန်းများကို လေ့လာကြည့်ရှုခဲ့ပြီး ပြတိုက်မှူးနှင့် ပြကွက်များအလိုက် တာဝန်ခံများ၏ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ တည်ခင်းဧည့်ခံသည့် ခရီးစဉ်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတွင် ကြည့်ရှုလေ့လာစဉ်။

ထို့နောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Civic Center သို့ရောက်ရှိကြပြီး LED Light Show ရောင်စုံမီးအလှများအား နည်းပညာအသုံးပြု၍ လူအများစိတ်ဝင်စားစေရန် ဆောင်ရွက်ထားရှိမှုအား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တည်ခင်းဧည့်ခံသည့် ခရီးစဉ်ဂုဏ်ပြုညစာစားပွဲကို အတူတကွ တက်ရောက်သုံးဆောင်ခဲ့ကြပြီး ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

**BYD မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီ**

ယင်းနောက် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ရှိ BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသို့ ရောက်ရှိလေ့လာကြရာ ကုမ္ပဏီမှ Asia-Pacific Auto Sales Division Country Head of BYD Myanmar ဖြစ်သူ Mrs. Gillian Li နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် BYD-U9 မော်ဒယ်ဖြင့် သရုပ်ပြသသည်။ ထို့နောက် ကုမ္ပဏီပြခန်းအတွင်း၌ ထုတ်လုပ်ထားသည့် ကားအမျိုးအစားများအား တစ်စီးချင်းစီအလိုက် ရှင်းလင်းပြသပြီး ကုမ္ပဏီသမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုမှတ်တမ်းကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် မော်တော်ယာဉ်ဖွဲ့စည်းတည်ဆောက်မှုအစိတ်အပိုင်းများကို အပိုင်းလိုက်ခင်းကျင်းပြသထားမှု၊ နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမှုများ၊ ထုတ်လုပ်နေမှုအဆင့်ဆင့်အား ပုံစံငယ်ဖြင့် ပြသထားမှု၊ EV ရထားနှင့် ရထားတွင် ပါဝင်သည့် အစိတ်အပိုင်းများ၊ ပြည်တွင်း၊ ပြည်ပ၌ ပြေးဆွဲလျက်ရှိမှုများ၊ ကုမ္ပဏီမှ ထုတ်လုပ်သုံးစွဲထားသည့် ဘက်ထရီနှင့်ရိုးရိုးဘက်ထရီတို့၏ ခံနိုင်ရည်စွမ်းရည်အား လက်တွေ့နှိုင်းယှဉ်သရုပ်ပြသမှုတို့ကို လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Mrs. Gillian Li တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၁၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းအိမ်ရာများ ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာနေအိမ်များ တည်ဆောက်ပြုပြင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားယဉ်ကျေးမှုရိုးရာအိမ်များကို ၎င်းတို့၏မူလရိုးရာအစဉ်အလာများမပျောက်ပျက်အောင် ဂရုပြုထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားလူမျိုးများ၏ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အချို့သော သမိုင်းဝင်မှတ်တမ်းများကို တစ်နေရာတည်းတွင်စုစည်း၍ လေ့လာသိရှိမှတ်သားနိုင်စေရန် မီးမောင်းထိုးပြသဖော်ကျူးထားသည့်နေရာဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ယခုထက်ပိုမိုကောင်းမွန်အောင် စောင့်ကြပ်ကြည့်ရှုပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်းနှင့် လာရောက်လေ့လာကြည့်ရှုသည့် ပြည်သူလူထုများကိုလည်း စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စနစ်တကျရှင်းလင်းတင်ပြတတ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်လိုသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ကမာရွတ်မြို့နယ်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

---

YOUNG MEN'S BUDDHIST ASSOCIATION

Shwedagon Pagoda Campus, Dagon Township, Yangon

Tel : 01 838 1906, 09 688685848, Fax : 01 838 1906, Web : ymba.org.mm, email : info@ymba.org.mm

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**ရက်စွဲ၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ(၁၀)ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့်ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ–ကျောက်ဖရား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းတို့အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၃ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၄ ပေခန့်နှင့် မဒေါက်မြို့တွင် ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၁ ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ၈ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၄ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆွေးနွေးမှာကြား



ရန်ကုန် နိုဝင်ဘာ ၁၀

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် နေပြည်တော်၌ ကျင်းပရန် စီမံထားရှိကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခံရနိုင်ဖွယ်ရှိသည့် ပုဂ္ဂိုလ်များကို အစကတည်းကပင် ဆုများအကဲဖြတ်စိစစ်ရေးအဖွဲ့တွင် တာဝန်ပေးအပ်ရန် မပြုသင့်ကြောင်း၊ ၎င်းတို့အား အကဲဖြတ်စိစစ်ရေးအဖွဲ့ တာဝန်ပေးအပ်ပါက မလိုလားအပ်သည့် အထင်အမြင်လွဲမှားမှုများ ကြုံတွေ့ရနိုင်ကြောင်း၊ ယခုကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကြီးကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့က တာဝန်ယူ၊ တာဝန်ခံစိတ်ဖြင့် အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ယခင်နှစ်ကျင်းပခဲ့သည့် အခမ်းအနားမှ ရရှိခဲ့သော အားသာချက်/အားနည်းချက်များကိုလည်းကောင်း၊ ယခုအခမ်းအနားအတွက် တာဝန်ခွဲဝေဆောင်ရွက်မည့် အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

(၅၀၀)

# ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်း ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းတိုးတက်မှု ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်း ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းတိုးတက်မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်များ၏ ကြံ့ခိုင်ရေး ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်သွားရန်နှင့် ဓာတ်အားပေးစက်များ ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းမောင်းနှင်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများနှင့်ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဓာတ်အားပေးစက်ရုံ Switchyard အတွင်း လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိပို့လွှတ်ပေးနေမှု၊ ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့်တမံ၏ ကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ဒီဇင်ဘာလတွင် စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၃၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၆၃၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင်မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အနုပညာရှင်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်စဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် “တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ပါစေ”၊ “တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ”၊ “တရုတ် - မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါသည်”၊ “တရုတ် မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ”၊ “မြန်မာနိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏” စသည့် ဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ “တရုတ်-မြန်မာချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ပါစေ”၊ “အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ”၊ “တရုတ်-မြန်မာချစ်ကြည်ရေးခိုင်မြဲပါစေ”၊ “ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အစွန့်ရှည်ပါစေ” စသည့်ကြွေးကြော်သံများကို ကြွေးကြော်၍လည်းကောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင်ဖော်ဆောင်နိုင်ခဲ့ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Ms. Ma Jia နှင့်တာဝန်ရှိသူများက ရှန်းကျန့်မြို့ ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI)အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Ms. Ma Jia၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr. Dai Jin Tao၊ နန်နင်းမြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့်ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ခရီးစဉ်အတွင်း ကူမင်းမြို့၌ကျင်းပသည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့တို့ရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့လေ့လာခြင်း စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာဆွေးနွေးမှုရလဒ်များပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်သူလူထုများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်စဉ်။



ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသားတရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် **စာမျက်နှာ ၁၅ သို့** ☆











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar high-level delegation led by SAC Chairman Prime Minister Senior General Min Aung Hlaing arrives in Shenzhen of People's Republic of China, visits factories





Senior General Min Aung Hlaing views the LED Light Show.

NAY PYI TAW November 10

The Myanmar high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who attended the submits including the 8th Greater Mekong Subregion (GMS) Summit in Kunming of the People's Republic of China left the Jiangbei International Airport of Chongqing for Shenzhen in the morning of 9 November. They were seen off at the airport by Vice Mayor of Chongqing Mr. Shang Kui and party, Consul General U Kyaw Zeyar Lin of the Myanmar Consulate General in Chongqing and officials.



On arrival at Bao'an International Airport in Shanzhen, the Senior General and party were warmly welcomed by Vice Mayor of Shenzhen City Mr. Dai Jin Tao, Consul General Daw Khaing Hsu Lin of the Myanmar Consulate General in Nanning and officials with the flower basket.

See Page - 19

Senior General Min Aung Hlaing visits BDY Auto Company.



Senior General Min Aung Hlaing observes a robot at the Tide Rises in the Pearl River Exhibition Center.



Senior General Min Aung Hlaing observes communication devices at Hytera Communications Corporation Limited.

From Page - 18

**Hytera Communications Corporation Limited**

When the Senior General and party visited Hytera Communications Corporation Limited in Shenzhen City, Founder and Chairman Mr. Chen Qingzhou and officials welcomed them.

The documentary on work process of the company was presented at the hall of the company and officials explained the brief history of the company, communication technological devices for global use produced by the company and usage, securing medals for efforts not to interrupt the communication linkages at the emergency periods and smooth and swift process of communication systems at the gala ceremonies, innovation of communication equipment with the use of developing technologies, and distribution of these devices to the markets. The Senior General asked what he wanted to know and held discussions.

**The Tide Rises in the Pearl River Exhibition Center**

On arrival at the Tide Rises in the Pearl River Exhibition Centre opened to mark the 40th Anniversary of reform and open-door economy of the Guangdong Province, the Senior General and party were welcomed by Curator Mr. Huang Chen and officials.

The historical documentary on development of Shenzhen City in successive era was presented. Next, the Senior General and party observed social lifestyle of people in Guangzhou in years, education system, administrative system, the symbol of Guangdong Province, documentary photos and scale models depicting development of all sectors including textile being sold at home and abroad after 1980, documentaries on establishment of special economic zones, construction of infrastructures and display of accessories, and reforms adopted by the Party Central Committee and development in steps along the reform process period. The Senior General raised questions to the curator and officials of relevant booths and held discussions.

In the evening, the Senior General and party visited the Civic Centre decorated with LED light show attracting the people.

The Senior General and party attended the winner in their honour hosted by the Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI and cordially greeted delegation members.

**BYD automobile manufacturing company**

This morning, the Senior General and party visited BYD automobile manufacturing company in Shenzhen City. Asia-Pacific Auto Sales Division Country Head of BYD Myanmar Mrs. Gillian Li and officials welcomed the Senior General and party and held a demonstration on BYD-U9 model manufactured by the company. They explained each vehicle produced by the company and clipped the documentary on brief history of the company and its functions.

The Senior General and party viewed round display of auto parts, year-wise development of the company, production process with the use of scale models, parts of EV train and equipment, running of these trains at home and abroad, compared use of batteries of company and their capacity and raised questions to clarification of officials.

The Senior General and Mrs. Gillian Li exchanged commemorative gifts and posed for documentary photos. **100**

---

From Page - 21

universities and industries in Kunming, Chongqing and Shenzhen and held sector-wise meetings. It was a visit that could bring about positive economic results for socio-economic development of the country and further cement friendship, economy and multiple sectors between the governments and peoples of the two countries.

The delegation led by the Senior General arrived at Nay Pyi Taw Tatmadaw Airport in the afternoon and was welcomed by SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary, SAC members, union ministers, senior military officers from the Office of the Commander-in-Chief, officials of PRC Embassy in Myanmar, the Nay Pyi Taw council chair, the Nay Pyi Taw command commander, officials, Myanmar citizens of Chinese descents, Chinese dance troupe, ethnic cultural troupes, officials of YMBA head-quarters, interfaith associations, artists, students, national races cultural troupes, and local people.

Students, local people and department staff accorded the Senior General and delegation a rousing welcome by holding placards that read – "Long live China-Myanmar friendship," "may China-Myanmar multiple strategic cooperation be promoted," "warmly welcome Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who has further strengthened China-Myanmar relations," "Let's further strengthen China-Myanmar bonds of friendship," "May China-Myanmar cooperation generate successful results," "Warmly welcome Senior General Min Aung Hlaing who is striving for all-round development of Myanmar" and also chanted slogans -- "Long live China-Myanmar friendship," "May Senior General Min Aung Hlaing, who has striven for race, language and religion, be healthy," "May Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing be healthy," "May China-Myanmar friendship be ever strong," and "Long live Puakphaw friendship" and waved miniature flags of the two countries.

**100**

---

# State Administration Council

# Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Mauritians go to polls to elect new members for National Assembly

PORT-LOUIS November 10

Mauritians are going to the polls Sunday to elect the 70 members of the National Assembly, the country's unicameral parliament.

According to the country's electoral commission, a total of 1,002,857 voters registered on the electoral roll are expected to cast their votes in the 340 polling stations spread across the country. Polling stations opened at 7 a.m., local time, and are due to close at 6 p.m.

Voters will directly elect 62 members of the National Assembly, while the eight "best losers" will be appointed to fill the 70 seats in Parliament for a five-year term.

Outgoing Prime Minister Pravind Jugnauth, as leader of the government's coalition the Alliance Lepep or the People's Alliance, will seek reelection, while former Prime Minister Navinchandra Ramgoolam, leader of the opposition coalition, l'Alliance du Changement or the Alliance of Change, will make every effort to regain his place in the Cabinet.

The results of the elections are expected Monday. The president of the majority party (or alliance) will be appointed Prime Minister afterward.

**Xinhua**

# Russia temporally closes Moscow airports due to possible drone attacks

MOSCOW November 10

Aviation authorities temporarily closed Domodedovo, Zhukovsky and Sheremetyevo international airports in the Moscow region on Sunday due to potential risks of drone attacks.

"In order to ensure the safety of civil aircraft flights, temporary restrictions have been introduced for the operation of Domodedovo and Zhukovsky airports starting from 08:03 Moscow time, November 10. The airports are temporarily not accepting or sending flights," the Russian Federal Air Transport Agency said in a statement.



Sheremetyevo International Airport was later shut down,too.

Aircraft crews, air traffic controllers, and airport services are taking all necessary measures to ensure flight safety is a top priority, according to the statement.

According to Moscow Mayor Sergei Sobyanin, seven more drones were shot down in the regions of Domodedovo, Ramenskoye and Kolomna on Sunday morning, bringing the total number of downed drones to 32. **Xinhua**

# Russia has plans to develop moon,deep space-kurchatov institute head



MOSCOW November 10

Russia has plans to develop the Moon and deep space, and it has scientific developments for this, physicist and president of the National Research Center Kurchatov Institute, Mikhail Kovalchuk, said in an interview with Sputnik.

He added that mutually beneficial, promising relationships with friendly spacepowers needed to be built on the accumulated joint experience.

"We have a huge number of ideas today, for example, the development of the Moon and deep space," the scientist said. **Sputnik**

# Snow leopards spotted in China's Yunnan for first time

KUNMING November 10

Infrared cameras have captured images of snow leopards in two different locations in southwest China's Yunnan Province for the first time, confirming the presence of this endangered species in the province, authorities said Saturday.

Two snow leopards were spotted at altitudes of 4,500 meters within the city of Shangri-La and 4,800 meters in a township in Deqen County, respectively. The recordings were made on February 17 and 19 this year, according to the provincial forestry and grassland bureau.

The former position is 20 km to 40 km from the nearest known habitation area of snow leopards in Sichuan Province, while the latter is 90 km to 100 km away.

Due to the high-altitude distribution of snow leopards and the lack of systematic surveys, the species had not been photographed in the wild in Yunnan for many years, leading to uncertainty about their presence in the province, said Jiang Xuelong, a researcher at the Kunming Institute of Zoology, Chinese Academy of Sciences.



"The recent sightings in the northwestern part of Yunnan not only confirm the species' presence in the province but also represent one of the southernmost distribution records within China," said Jiang.

Based on the latest distribution findings, zoologists believe that the Three Parallel Rivers area at the junction of Yunnan, Sichuan and Xizang is an important corridor and habitat for the snow leopard populations in the Hengduan Mountains.

The zoologists at the institute said that there may be other potential snow leopard distribution areas within Yunnan, such as Drung-Nu Autonomous County of Gongshan at the western side of the Nujiang River and the area of Mount Minling, or Meili Snow Mountain, between the Nujiang and Lancang rivers.

Known as the "king of the snow mountains," the snow leopard is under first-class national protection in China and is listed as vulnerable by the International Union for Conservation of Nature.

**Xinhua**

# Ukrainian Commander-in-Chief complains to US general about worsening situation at battlefield

MOSCOW November 10

The Ukrainian Armed Forces' Commander-in-Chief Oleksandr Syrsky said on Saturday that he had held talks with the Supreme Commander of the Joint Armed Forces of NATO in Europe, Gen. Christopher Cavoli, complaining to him about the worsening situation at the battlefield.

"I had another phone conversation with the commander of the US Armed Forces in Europe, Gen. Christopher Cavoli. At the beginning of the conversation, I informed my American colleague about the situation at the front line. The situation remains difficult and tends to worsen," Syrsky said on Facebook*.

**Spunik**

# China's Tianzhou-7 cargo craft separates from space station combination

BEIJING November 10

The Tianzhou-7 cargo craft, tasked with carrying supplies for China's space station, separated from the station combination on Sunday, according to the China Manned Space Agency (CMSA).

The cargo craft will re-enter the atmosphere in a controlled manner soon, the CMSA said.

**Xinhua**

# People accord rousing welcome to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and high-level delegation, who attended summits in People's Republic of China and held talks for national development



Senior General Min Aung Hlaing receiving rousing welcome from ethnic cultural troupes.




Senior General Min Aung Hlaing being welcomed back at Nay Pyi Taw Tatmadaw Airport.

NAY PYI TAW November 10

High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing that attended summits including 8th Greater Mekong Subregion Economic Cooperation (GMS) Summit the People's Republic of China left Bao'an International Airport in Shenzhen, PRC for Nay Pyi Taw Tatmadaw Airport by special flight of Myanmar Airways International this afternoon and was seen off by Chinese Ambassador to Myanmar Ms. Ma Jia, Myanmar Ambassador to China U Tin Maung Swe, Myanmar Military Attache (Army, Navy and Air) Brig-Gen Zaw Zaw Naing, Vice Governor of Shenzhen Mr. Dai Jin Tao, Consul General of Myanmar Consulate-General in Nanning Daw Khaing Hsu Lin and officials.

Accompanying the Senior General, members of the delegation, SAC Joint Secretary General Ye Win Oo, SAC member General Nyo Saw, union ministers, chief ministers and officials from Tanintharyi Region, Yangon Region, and Ayeyawady Region, senior military officers from the Office of the Commander-in-Chief (Army), deputy ministers, military and civilian officials also returned home on the same flight.

During the visit, the Senior General and party attended summits in Kunming, held talks with Prime Minister of PRC H.E. Mr. Li Qiang, province level officials of PRC, and PMs of Cambodia, Laos, Vietnam and Thailand, visited landmarks,

See Page - 19 ■■



Senior General Min Aung Hlaing receiving rousing welcome from public members.



Senior General Min Aung Hlaing receiving rousing welcome from Myanmar citizens of Chinese descents.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပန်းကိုလို၍ အပင်ကိုပျိုးခဲ့သည် ပွင့်သောပန်းတို့ လန်းတော့မည်

ပြည်စိုးညိမ်း

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်မှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ ကြာမြင့်ခဲ့သည်။ မူလတာဝန်မှာ ထိပ်သီးအစည်းအဝေးကြီးများတက်ရောက်ရန်ဖြစ်သော်လည်း အကြီးအကဲမှာ အမိနိုင်ငံတော်အတွက် ထိုမျှနှင့် တင်းတိမ်မရောင့်ရဲနိုင်။ မိမိအနားယူရမည့် ကိုယ်ပိုင်အချိန်များကိုပင်အသုံးပြု၍ တက္ကသိုလ်များ၊ စက်ရုံ၊ အလုပ်ရုံများသို့ မနားမနေ သွားရောက်လေ့လာခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ပညာကိုလိုလား၍ ပညာရေးကို အားပေးသူဖြစ်သည်။ အစည်းအဝေးများ၊ တွေ့ဆုံမှာကြားမှုများတွင် ပညာရေးကို အလေးအနက်ထားရမည်ဖြစ်ကြောင်း ကြိမ်ဖန်များစွာ ကြားနာခဲ့ရသည်။ လက်တွေ့ကျကျ အားပေး ချီးမြှောက်နေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့နေရသည်။ အကြီးအကဲကိုယ်တိုင် မည်သည့်နိုင်ငံကို ရောက်ရှိသည်ဖြစ်စေ မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အတတ်ပညာ၊ အသိပညာရပ်တို့၏ ရင်းမြစ်ဖြစ်ထွန်းရာနေရာများကို စိတ်ဝင်တစားလေ့လာစူးစမ်းလေ့ရှိသည်။ အကြီးအကဲအနေဖြင့် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးတွင် ပညာရေး၏အရေးကြီးပုံကို အလေးအနက်ထားမှုက ထင်ရှားလှသည်။

ခရီးစဉ်ကာလအတွင်း အကြီးအကဲအတွက် နားနေချိန်ဆိုသည်မှာ မရှိသလောက်ပင်။ ရောက်ရှိနေသည့်အချိန်အတွင်း အမိမြန်မာနိုင်ငံအတွက် လေ့လာသင့်သည်ကို လေ့လာ၊ ဆွေးနွေးသင့်သည်ကို ဆွေးနွေး၊ မေးမြန်းစူးစမ်းသင့်သည်ကို မေးမြန်းစူးစမ်းရန် ပြင်ဆင်ရသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ကူမင်းသို့ စတင်ထွက်ခွာသည်။ ခရီးရောက်မဆိုက်မှာပင် ကူမင်းမြို့ HUALUXE Kunming Hotel တွင် တရုတ် - မြန်မာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ ထိပ်သီးအစည်းအဝေးကြီးများတက်ရောက်ရမည့် အကြီးအကဲ၏ခရီးစဉ်မှာ အချိန်ဇယားများနှင့် ပြည့်နှက်နေသည်။ ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E.Mr.Wang Ning နှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်တစ်ရပ်ရှိနေသေးသည်။ နိုဝင်ဘာလ ၇ ရက်တွင်ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးကြီးသုံးရပ်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြသည်။ ခရီးစဉ်မစတင်မီကပင် ကြိုတင်ပြင်ဆင်ခဲ့ကြပြီးဖြစ်သော်လည်း အချိန်နှင့်အမျှပြောင်းလဲလာနိုင်သည့် အချို့အကြောင်းအရာများအတွက် မတိုင်မီကာလအထိ ပြင်ဆင်မှုကိုမလျှော့ကြချေ။ ကောင်းသည်ထက်ကောင်းအောင်၊ ပြည့်စုံသည်ထက်ပြည့်စုံအောင် အားကြိုးမာန်တက် ဆောင်ရွက်ကြလျက်ရှိသည်။



သို့သော် အကြီးအကဲမှာ မိမိနိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံသယ်ပိုးရွက်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ခဏတာမျှအနားရသော မွန်းလွဲအချိန်လေးမှာပင် အနားမယူနိုင်ဘဲ ကူမင်းမြို့ရှိ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်၊ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့ကို သွားရောက်လေ့လာရန် ပြင်ဆင်သည်။

နိုင်ငံတော်အကြီးအကဲခေါင်းဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ကောလိပ်တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ တာဝန်ရှိသူများက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သက်မွေးပညာဘာသာရပ်များ၊ နည်းပညာဆိုင်ရာဘာသာရပ်များ၊ နိုင်ငံတကာမှသက်မွေးဘာသာရပ်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များနှင့် ကူးလူးဆက်သွယ်ဆောင်ရွက်နေမှု၊ ကျွမ်းကျင်လုပ်သားများနှင့် ပညာရှင်များမွေးထုတ်ပေးနေမှုအခြေအနေများကို ရှင်းပြသည်။ အကြီးအကဲက သိရှိလိုသည်များကို စိတ်ဝင်တစား ပြန်လည်မေးမြန်းသည်။ သည့်နောက်တွင် ကမ္ဘာ့အဆင့် အတတ်ပညာ၊ အသိပညာဆိုင်ရာ ပြိုင်ပွဲပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အဆင့်မြင့်နည်းပညာအသုံးပြု စက်ကိရိယာများ ခင်းကျင်းပြသထားသည်ကို အကြီးအကဲက လိုက်လံကြည့်ရှုအားပေးသည်။ အကြီးအကဲမှာ ခရီးစဉ်ပထမဆုံးနေ့မှာပင် အနားမယူရသေးဘဲ လုပ်ငန်းတာဝန်များ တရစပ်ဆောင်ရွက်နေသော်လည်း မောပန်းနွမ်းနယ်ဟန်မရှိ၊ ရွှင်လန်းတက်ကြွလျက်ရှိသည်ကို သတိပြုမိသည်။

ထိုမှတစ်ဆင့် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်သို့ရောက်သည်တွင် တက္ကသိုလ်ပါတီအတွင်းရေးမှူးဖြစ်သူ Mr. Teng Jiahua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ တက္ကသိုလ် တာဝန်ရှိသူများက AI နည်းပညာ စမ်းသပ်ခန်းအတွင်းတွင် တက္ကသိုလ်ဆိုင်ရာ ဆောင်ရွက်ချက်များကို Video Clip ဖြင့် ဖွင့်လှစ်ပြသသည်။ အထူးစိတ်ဝင်စားဖွယ်ကောင်းသည်မှာ UAV နှင့် Drone နည်းပညာအသုံးပြု လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် ကင်းထောက်နိုင်မှုစွမ်းရည်များ သင်ကြားပို့ချနေမှုများပင်ဖြစ်သည်။ လူသားအစားထိုး အဆင့်မြင့် စက်ရုပ်နည်းပညာ၊ အာရုံခံစနစ်အသုံးပြုမှုနည်းပညာ သင်ကြားပို့ချပေးနေမှုများပင်ဖြစ်သည်။ ၎င်းဌာနများကို အကြီးအကဲက စိတ်ပါဝင်စားစွာ လေ့လာမေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ လှည့်လည်ကြည့်ရှုလေ့လာမှုများအပြီးတွင် အကြီးအကဲက တက္ကသိုလ်ပါတီအတွင်းရေးမှူးသို့ အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။ တုံ့ပြန်သည့်စေတနာအဖြစ် ပါတီအတွင်းရေးမှူးကလည်း လက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်ပြီး အမှတ်တရစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။



ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်။ နည်းပညာရပ်များက အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားနေကြသည်။ ရပ်တန့်နေခဲ့၍မရ၊ ကျန်နေခဲ့၍မရ။ အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေသော နည်းပညာမြစ်ကြီးအတွင်း သက်ဆိုင်ရာပညာရပ်များကို "ရတဲ့နေရာကယူ၍ လိုတဲ့နေရာမှာပြန်သုံး" နိုင်အောင် တစိုက်မတ်မတ် ချဉ်းကပ်လေ့လာနေရမည်သာဖြစ်ပါ၏။ အကြီးအကဲသည် သည်သဘောကို ကောင်းစွာသိမြင်နားလည်သည်။ လူသားအရင်းအမြစ်များ စွမ်းရည်မြင့်မားစေရန် ပညာတော်သင်များ စေလွှတ်နေသလို တစ်ဖက်မှလည်း မိမိနိုင်ငံအတွင်းမှာပင် သုတေသနလုပ်ငန်းများ၊ တီထွင်ဖန်တီးမှုများနှင့် ထိုးထွင်းကြံဆမှုများကို နည်းလမ်းမျိုးစုံအသုံးပြုပြီး အားပေးမြှင့်တင်လျက်ရှိသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၇ ရက်က ထိပ်သီးအစည်းအဝေးကြီး သုံးရပ်ကို တစ်နေ့တည်း ကျင်းပခဲ့ခြင်းဖြစ်သည်။ အကြီးအကဲမှာ ထိပ်သီးအစည်းအဝေးကြီးသုံးရပ်စလုံးတွင် ပါဝင်တက်ရောက်ခဲ့ရုံမျှမက နိုင်ငံနှင့်လူမျိုးအကျိုးကို ဖော်ဆောင်နိုင်မည့် ဆွေးနွေးချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် စိတ်လက်ပေါ့ပါးနေဟန်ရှိသည်။ နောက်ထပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အသင့်ရှိနေဟန်ဖြင့် စိတ်အားထက်သန်လျက်ရှိသည်။ သို့နှင့် နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ချုံချင့်မြို့ရှိ စက်ရုံအလုပ်ရုံများသို့ သွားရောက်လေ့လာရန် ကြိုတင်ပြင်ဆင်ကြသည်။

အကြီးအကဲနှင့်အဖွဲ့ဝင်များ Zhongyue Aviation UAV Firefighting-Drone Co.,Ltd. သို့ရောက်ရှိရာ ကုမ္ပဏီမှ Founder & Chairman ဖြစ်သူ Mr.CAO,Bing နှင့် တာဝန်ရှိသူများက ရင်းနှီးဖော်ရွေစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ကုမ္ပဏီတာဝန်ရှိသူများက ကုမ္ပဏီသမိုင်းအကျဉ်းနှင့် လူသားအကျိုးပြု ဆောင်ရွက်ချက်များကြောင့် ပြည်တွင်းပြည်ပကချီးမြှင့်သည့် ဆုတံဆိပ်များအကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ရှင်းပြသည်။ လူမှုကယ်ဆယ်ရေးလုပ်ငန်းများအတွင်း အဆင့်မြင့်ဒရုန်းများသုံးပြီး ဆောင်ရွက်ခဲ့သည့်မှတ်တမ်း Video ကိုပြသည်။ အကြီးအကဲက အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားသည်ကို စိတ်ဝင်တစား လိုက်လံကြည့်ရှုသည်။ သိလိုသည်တို့ကို ထဲထဲဝင်ဝင် လေ့လာမေးမြန်းသည်။ ဒရုန်းအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ပြသည့် သရုပ်ပြကွက်ကို ကြည့်ရှုအားပေးသည်။ ယခုလို နည်းပညာအသုံးပြု၍ လူသားအကျိုးပြုဒရုန်းများတီထွင် **စာမျက်နှာ ၂၃ သို့ ●**

● စာမျက်နှာ ၂၂ မှအဆက်

ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြုပါကြောင်းနှင့် လက်ဆောင်ပစ္စည်းများကို အမှတ်တရပေးအပ်သည်။

ဆက်လက်ပြီး SERES မော်တော်ကားကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ Chairman ဖြစ်သူ Mr.Li Bo နှင့် တာ၀န်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။ စက်ရုံ၏ သမိုင်းအကျဉ်းနှင့် ကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများကို ပြကွက်တစ်ခုချင်းစီအလိုက်၊ ကားအမျိုးအစားအလိုက် အချက်အလက်များနှင့် ကားထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို အသေးစိတ်လိုက်လံရှင်းလင်းပြသသည်။ သိရှိလိုသည်များကို စိတ်ပါ၀င်စားစွာပြန်လည်မေးမြန်းနေသောအကြီးအကဲ၏ရင်ထဲတွင် အမိနိုင်ငံတော်အတွက် လက်တွေ့ကျသောရည်မှန်းချက်များနှင့် လှပသောအိပ်မက်များ စွဲမြဲခိုင်မာစွာ ဖြစ်ထွန်းတည်ရှိနေသည်ဟု ယုံကြည်ပါ၏။

တန်ဖိုးရှိသောအချိန်တို့မှာ တရိပ်ရိပ်ကုန်ဆုံးလွန်မြောက်လျက်ရှိ၏။ အကြီးအကဲသည် ရှားပါးသောအချိန်အတွင်းမှပင်ရရှိသောအခွင့်အလမ်းကို အမိအရဖမ်းဆုပ်၍ လေ့လာသင့်လေ့လာထိုက်သည်တို့ကို မနားမနေရှာဖွေဖော်ထုတ်သည်။ ရောက်အောင်သွား၍ စူးစမ်းသည်။ မိမိနိုင်ငံ၏ ရေခံမြေခံနှင့်သဟဇာတကျကျ အကျိုးဖြစ်ထွန်းစေမည့် အကြောင်းခြင်းရာများကို စေ့ငုကြံဆသည်။ အမိနိုင်ငံတော်အတွက် ဦးထိပ်ပန်ဆင်ထားသည့်စိတ်က ဦးဆောင်နေသဖြင့် လူငယ်လေးတစ်ဦးအလား ရှင်လန်းတက်ကြွလျက်ရှိသည်။ Chongqing International Logistics Hub Park ရောက်တော့ မွန်းတိမ်းစပြုလေပြီ။ တာ၀န်ရှိသူများက တရုတ်-ဥရောပ-အနောက်နိုင်ငံတို့အကြား ကုန်စည်စီးဆင်းလျက်ရှိသည့် ကုန်းလမ်း၊ ရေလမ်း လမ်းပြမြေပုံ၊ ချုံချင့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုသမိုင်း၊ ယန်စီမြစ်ပေါ်ရှိ ကုန်စည်စီးဆင်းမှုဆိပ်ကမ်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြပုံစံငယ်များကို လိုက်လံရှင်းလင်းပြသည်။ တာ၀န်ရှိသူတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့မှာ အဆွေခင်ပွန်းကောင်း၊ ဧည့်သည်တော်ကောင်း တစ်ဦးဖြစ်သော အကြီးအကဲအပေါ် အလေးအနက်ထားရှိကြောင်းပေါ်လွင်လှသည်။ အကြီးအကဲကလည်း တစ်ဖက်မှ ရှင်းလင်းတင်ပြချက်များကို စိတ်၀င်တစားနားစွင့်၍ သိလိုသည်များကို ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းသည်။ အချိန်ပမာဏအားဖြင့် နည်းပါးသော်လည်း အဓိပ္ပာယ် ပြည့်၀လေးနက်သော လေ့လာရေးခရီးစဉ်တစ်ခုပင်ဖြစ်သည်၊ အကြီးအကဲက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပေးသည်။




ထိုနေ့ မွန်းလွဲပိုင်းမှာပင် Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီသို့ သွားရောက်လေ့လာကြသည်။ ဥက္ကဋ္ဌဖြစ်သူ Mr.Yan Hua ကိုယ်တိုင် ဖက်လဲတကင်းဆီးကြို၍ အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ စက်ပစ္စည်းများ တင်ပို့ရောင်းချမှုအခြေအနေ၊ စက်ပစ္စည်းများ ခင်းကျင်းထားမှုနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ကိုယ်တိုင်လိုက်လံရှင်းလင်းပြသသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားယူကြိုးပမ်းဆောင်ရွက်နေသောနိုင်ငံဖြစ်သည်။ သို့ဖြစ်ရာ လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီသို့ အကြီးအကဲကိုယ်တိုင် စိတ်အားထက်သန်စွာ လာရောက်လေ့လာနေသည့် မြင်ကွင်းမှာ အားတက်ဖွယ်ပင်။ မသွေစနစ်ရင်းမြစ်တိုးတက်ပါလျှင် ရွှေမြေတစ်ခေတ်လင်း သစ်ဖြိုးလက်လာရမည်မှာ ကေန်ဖြစ်ပါ၏။ အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မြန်ပြည်နယ်စပ်တိုင်အောင် မလပ်မခြားစေရန် ကြံရည်ရွယ်လတ်မရပ်မနားချီတက်ကြရပါမည်။ စီးပွားပေါင်းစု ပူမှုသုဉ်းဆိတ်ကွယ်ပါလျှင်ကြီးပွားကြောင်းပြု၍ လူထုပြုံးရိပ်ကြွယ်ကြပေလိမ့်မည်။



ထို့နောက် Chongqing Planning Exhibition ပြတိုက်သို့ ရောက်ရှိကြရာ ဒုတိယမြို့တော်၀န်နှင့် တာ၀န်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး ၍ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ သို့နှင့်ပင် အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ လုပ်ငန်းဆောင်တာများ နှစ်မြှုပ်ထားကြရင်း တစ်နေ့တာ၏အလျားမှာ ကုန်ဆုံးခဲ့ပြီဖြစ်သည်။ ညပိုင်းတွင် ချုံချင့်မြို့ရှိ Yuantongsi သင်္ဘောဆိပ်သို့ရောက်ရှိပြီး ယန်စီမြစ်အတွင်း သင်္ဘောစီး၍ လေ့လာခဲ့ကြသည်။ လေ့လာရေးခရီးသက်သက်မျှ မဟုတ်။ လုပ်ငန်းတာ၀န်များက တွဲလျက်ကပ်ပါလာ၏။ ထိုသင်္ဘောကြီးပေါ်တွင် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ယန်စီမြစ်ရေသည် တငြိမ့်ငြိမ့်စီးဆင်းလျက်။ ထို့အတူ အမိမြန်မာနိုင်ငံအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများသည်လည်း တသွင်သွင်ဖြစ်ထွန်းတိုးတက်လျက်၊

နို၀င်ဘာလ ၉ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရှန်းကျန့်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited သို့ သွားရောက်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာရပ်များနှင့်ခေတ်အလိုက် ပြောင်းလဲတိုးတက်လာသည့် နည်းပညာနှင့်အတူ ဆန်းသစ်တီထွင်ထုတ်လုပ်ထားပုံများကို အသေးစိတ်ကြည့်ရှုလေ့လာကြသည်။ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ တစ်ဆက်တည်းမှာပင် “The Tide Rises in the Pearl River Exhibition Center” သို့ သွားရောက်၍ နှစ်အလိုက်ပြောင်းလဲလာသည့် ကွမ်ကျိုးလူနေမှုဘ၀၊ ပညာရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ ကွမ်တုံပြည်နယ်၏သင်္ကေတ၊ ၁၉၈၀ နောက်ပိုင်းပြည်တွင်း၊ ပြည်ပတင်ပို့ရောင်းချလျက်ရှိသည့် ချည်ထည်ပြခန်းများအပါအ၀င် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများ၊ အထူးစီးပွားရေးဇုန် စတင်ထူထောင်ခဲ့မှုမှတ်တမ်းများစသည်ဖြင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့သည့်ပြခန်းများကို လေ့လာကြည့်ရှုသည်။



နို၀င်ဘာလ ၁၀ ရက်နေ့ကား အမိမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာမည့်နေ့ဖြစ်သည်။ သို့သော် နိုင်ငံတော်အကြီးအကဲမှာ အနားယူခြင်းအလျှင်းမရှိဘဲ ရနိုင်သမျှသောအချိန်အတွင်းမှပင် ရှန်းကျန့်မြို့ရှိ BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသို့ လေ့လာရေးခရီးသွားရောက်၍ နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်လာမှု၊ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ပုံစံငယ်များဖြင့် ပြသထားမှု၊ EV ရထားနှင့် ရထားတွင်ပါ၀င်နေသည့် အစိတ်အပိုင်းများ၊ ပြည်တွင်းပြည်ပ

စာမျက်နှာ ၂၄ သို့ ●

● စာမျက်နှာ ၂၃ မှအဆက်

ပြေးဆွဲလျက်ရှိမှုများ၊ ဘက်ထရီတို့၏ ခံနိုင်ရည်စွမ်းအား လက်တွေ့နှိုင်းယှဉ်ပြသမှုတို့ကို လိုက်လံကြည့်ရှုပြီး သိလိုသည်များကို စေ့စပ်သေချာစွာ မေးမြန်းစူးစမ်းသည်။ အနာဂတ်ကာလအတွက် သယ်ယူပို့ဆောင်ရေးစနစ်နှင့် လောင်စာဆီအစားထိုးသုံးစွဲနိုင်ရေးတို့အထိ အရှည်ကိုမြော်တွေးချင့်တွက်၍ ရသည့်အချိန်လေးမှာပင် မနားမနေ သွားရောက်လေ့လာခြင်းဖြစ်ပါ၏။

အကြီးအကဲ၏ တစ်နေ့တာအတွင်း လေ့လာမှု၊ စူးစမ်းမေးမြန်းမှု၊ တွေ့ဆုံဆွေးနွေးမှုများမှာ မနည်းလှ။ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ ကူးသန်းရောင်းဝယ်ရေး၊ ကာကွယ်ရေး စသည်ဖြင့် နယ်ပယ်စုံလင်လှသည်။ ခရီးစဉ်အတွင်း အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်ခဲ့မှုများက အမိမြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့် ရလဒ်ကောင်းများ ပြန်လည်ထွက်ပေါ်လာစေမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရှန်းကျန့်မြို့ ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိချိန်မှာ မြန်မာစံတော်ချိန် မွန်းလွဲပိုင်းအချိန်ဖြစ်သည်။ နေရောင်ခြည်မှာ မပူလွန်းမအေးလွန်းဘဲ မျှတသောဥတုကိုဆောင်လျက် အကြီးအကဲ၏ခရီးစဉ်ကို နွေးထွေးစွာဆီးကြိုနေဘိသို့ရှိ၏။ မိုးနှောင်း၍ ဆောင်းဦးဝင်စဖြစ်သော အခါသမယမှာ လေပြည်လေညင်းလေးများ ဆော်သွေးကာ အေးချမ်းသာယာလျက်ရှိသည်။ ဝန်းကျင်တစ်ခွင်ဝယ် လတန်ဆောင်တိုင်၏ ငြိမ်သက်ခြင်း၊ အေးမြခြင်း၊ သာယာခြင်းနှင့်ငြိမ်းချမ်းခြင်းတို့သာလျှင် အတိဖုံးလွှမ်း၍ရှိနေပါ၏။

နေပြည်တော် တပ်မတော်လေဆိပ်သို့ အထူးလေယာဉ်ဆင်းသက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များကလည်း ပျော်ရွှင်ဝမ်းမြောက်စွာ တီးမှုတ်ကခုန်၍ ဂုဏ်ပြုကြိုဆိုကြသည်။ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်ပြန်လည်ရောက်ရှိမှုကို ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်ကြခြင်းပင်ဖြစ်သည်။ အမိအဖသဖွယ်ဖြစ်သော နိုင်ငံ့ခေါင်းဆောင်အပေါ် သူတို့တစ်တွေ၏ ယုံကြည်ကိုးစားမှုနှင့် အားပေးထောက်ခံမှုကို တစ်ခဲနက်ပြသကြခြင်းဖြစ်သည်။

ပြည်သူတို့သည် ခရီးစဉ်တစ်လျှောက် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နည်းပညာကဏ္ဍမြင့်မားတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိပ်သီးအစည်းအဝေး ဆွေးနွေးမှုများနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကိုရှေးရှုသည့် တွေ့ဆုံဆွေးနွေးမှု၊ လေ့လာမှု စသည်တို့ကို ကောင်းစွာသိမြင်နားလည်ထားကြသည်။ ဤသို့သော အကြောင်းရင်းခံများကြောင့်ပင် သူတို့ကိုယ်တိုင်၏ ရင်တွင်းစိတ်ဆန္ဒအခံဖြင့် အခုလို လာရောက်ကြိုဆိုကြခြင်းဖြစ်သည်။ ကြိုဆိုသူတိုင်း၏လက်ဝယ်တွင် မြန်မာနိုင်ငံအလံနှင့်တရုတ်နိုင်ငံအလံငယ်လေးများမှာ အေးမြသောလေပြည်နှင့်အတူ တလူလူတဖျပ်ဖျပ်လွင့်မြူးလျက်ရှိနေကြသည်။

"တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုအစွန့်ရှည်ပါစေ"၊ "တရုတ်-မြန်မာနှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ"၊ "တရုတ် - မြန်မာနှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါသည်"၊ "တရုတ် - မြန်မာချစ်ကြည်စွာ တွဲလက်မြဲပါစေ"၊ "မြန်မာ - တရုတ်ပူးပေါင်းလုပ် အဟုတ်အောင်မြင်ပါစေ"၊ "မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သောဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါ၏" စသည့် ဆိုင်းဘုတ်များကိုလည်းကောင်း၊ အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း စွမ်းစွမ်းတမံလှုပ်ရှားဆောင်ရွက်ခဲ့သည့် ရုပ်ပုံများကိုလည်းကောင်း လက်ဝယ်ကိုယ်စီ အမြတ်တနိုး ကိုင်ဆောင်ထားကြသည်။

"တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ပါစေ"၊ "အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ"၊ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ"၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ"၊ "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အစွန့်ရှည်ပါစေ" အစရှိသော ကြွေးကြော်သံများကို သံပြိုင်ညီညီ ဟစ်ကြွေး၍ သောင်းသောင်းဖြဖြကြိုဆိုနေကြပုံမှာ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ အကြီးအကဲကလည်း ကားမှန်ကိုချ၍ လက်ပြကာ အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက်လေသည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာအရင်းခံဖြင့် ကြိုးစားအားထုတ်ခဲ့မှုများကို ပြည်သူအပေါင်းက ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုဂုဏ်ပြုကြိုဆိုကြသည်။ ယင်းတို့၏စေတနာစိတ်ဖြင့် ကြိုဆိုမှုများကို အကြီးအကဲက မေတ္တာစိတ်ဖြင့် ကမ်းလင့်တုံ့ပြန်သည်။ မေတ္တာဆိုသည်မှာ အလျားအနံမရှိသော်ငြား ကူးလူးတုံ့တင် အသွားအပြန်ရှိတတ်သည်ဆိုခြင်းမှာ မှန်လှပါ၏။ အပေးအယူမျှမျှ သဟဇာတကျကျဖြင့် မင်္ဂလာရှိသော မြင်ကွင်းတစ်ရပ်ပင်ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်မှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ သို့သော် အကြီးအကဲ၏ ခရီးစဉ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှုများမှာ အကျိုးကျေးဇူးများလှသလို အတူလိုက်ပါသွားကြသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကလည်း များပြားလှသည်။

"မျိုးစေ့မမှန် ပင်မသန်က၊ ဖူးတံငုံကင်း အသီးဖျင်း၏" ဆိုသော စကားရှိ၏။ စစ်မှန်သောမျိုးစေ့ကို စိုက်ပျိုးမှသာ အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်အသီးအပွင့်များကို ရရှိနိုင်မည်ဖြစ်သည်။ အကြီးအကဲနှင့်တကွ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်တို့သည် နိုင်ငံတော်၏ အနာဂတ်နှင့် ပြည်သူတို့၏ ဘဝရှေ့ရေးကိုမြော်တွေး၍လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို မနေမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ပန်းလိုချင်၍ အပင်ကိုပျိုးခဲ့ကြခြင်းဖြစ်သည်။ အပင်ရှင်သန်ရန်အတွက် စွမ်းရည်ပြည့်ဝသော လူသားအရင်းအမြစ်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု စသည့်မြေဩဇာများကိုလည်း ဖြည့်သွင်းခဲ့ကြသည်။ ဆက်လက်ရှင်သန်ကြီးထွားစေရန်အတွက် ကတိကဝတ်များ၊ ခွန်အားများကိုလည်း ဆောင်ကြဉ်းလာနိုင်ခဲ့ကြသည်။ ထိုစွမ်းရည်၊ ထိုခွန်အားများကိုအသုံးချ၍ ဆက်လက်ကြိုးပမ်းကြမည့် အကြောင်းကိုလည်း ခရီးစဉ်လှုပ်ရှားမှုများတွင် ပုံဖော်နိုင်ခဲ့ပြီဖြစ်သည်။ ပန်းလိုချင်၍ အပင်ကိုပျိုးခဲ့ကြလေပြီ။ မဝေးတော့သော ကာလတစ်ခုတွင် ထိုထိုသောအောင်ပန်းတို့သည် အမိနိုင်ငံတော်အတွက် ငွားငွားစွင့်စွင့်ပွင့်လန်းလာကြတော့မည်ဟု အလေးအနက်ယုံကြည်မိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## Thailand Golf Tour ၏ အဆင့်မြင့် Tour တစ်ခုဖြစ်သော All Thailand Golf Tour ၏ Singha Classic 2024 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျော်သက်ဦး ဒုတိယဆုကို ဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်မှ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံ Royal Hills Golf Resort ၌ ကျင်းပသည့် All Thailand Golf Tour ၏ပြိုင်ပွဲတစ်ခုဖြစ်သော Singha Classic 2024 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ Professional ဂေါက်သီးရိုက်ကစားသမားဖြစ်သော ကျော်သက်ဦး ဒုတိယဆုကို ဆွတ်ခူးရရှိခဲ့သည်။




ပြိုင်ပွဲအပြီးတွင် ကျော်သက်ဦးက ၇၀+၆၈+၆၉+၆၇ ချက်ဖြင့် စုစုပေါင်း ၂၇၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၆ ချက်လျော့ရိုက်၍လည်းကောင်း၊ Newport LAPAROJKIT (ထိုင်း)ကလည်း ၆၄+၆၄+၇၃+၇၃ ချက်ဖြင့် စုစုပေါင်း ၂၇၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၆ ချက်လျော့ရိုက်ကာ ပထမနေရာတွင် ရိုက်ချက် တူညီနေသောကြောင့် ကျော်သက်ဦးနှင့် Newport LAPAROJKIT (ထိုင်း)တို့သည် ကျင်းပို (၁)ကျင်း ထပ်မံယှဉ်ပြိုင်ပြီး ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် Newport LAPAROJKIT (ထိုင်း)က ပထမ၊ ကျော်သက်ဦး (မြန်မာ)က ဒုတိယ၊ Thanyakon KHRONGPHA (ထိုင်း)က သတ်မှတ်ရိုက်ချက် ၂၈၀ ချက်ရိုက်ပြီး တတိယဆုရရှိခဲ့သည်။ ကျော်သက်ဦးနှင့်အတူဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အောင်ဆန်းမျိုးမှာ ၇၁+၇၅+၇၇+၇၉ ချက်ဖြင့် စုစုပေါင်း ၃၀၂ ချက်ဖြင့် အဆင့် ၆၂ ၌ ရပ်တည်နိုင်ခဲ့သည်။

ယခုပြိုင်ပွဲတွင်ကစားသမား ၁၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျော်သက်ဦးသည် ဒုတိယဆုကို ဆွတ်ခူးရရှိခဲ့သဖြင့် ဆုကြေးအဖြစ် ထိုင်းဘတ် ၂၈၅၀၀၀ ဆွတ်ခူးရရှိခဲ့ကာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးကလည်း ထပ်ဆောင်းဂုဏ်ပြုငွေထပ်မံချီးမြှင့်ခဲ့သည်။

ကျော်သက်ဦးသည် All Thailand Golf Tour နှင့် Thailand PGA Tour တို့က စီစဉ်ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူတစ်ဦးဖြစ်ကြောင်း သိရသည်။

(၅၀၀)

## ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရေး မြေပြုပြင်ဆောင်ရွက်လျက်ရှိ

**ဆိပ်ဖြူ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရေး၊ သီးနှံအထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးမြေများ ပြုပြင်ဆောင်ရွက်ခြင်းနှင့် မြေပြုပြင်ပြီးစီးသည့်စိုက်ခင်းများ၌ ဆောင်းသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၁၂၃၅၇ ဧက၊ ပဲမျိုးစုံ ၈၆၉၆ ဧက၊ ကြက်သွန်နီ ၆၂၅၄ ဧကနှင့် စားဖိုဆောင်သီးနှံ ၆၇၄၉ ဧက စိုက်ပျိုးရန်လျာထားကြောင်း၊ စိုက်ခင်းများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေးနှင့် သီးနှံအထွက်နှုန်း မြင့်မားရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးမြေပြုပြင်နည်းများ၊ သွင်းအားစုမြေဩဇာထည့်သွင်းနည်းများ၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပိုးမွှားရောဂါ ကာကွယ်ရေးနည်းပညာများကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆောင်းသီးနှံကို ကိုင်းမြေနှင့်မြေနုကျွန်းများ၌ အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးခြင်းအတွက် စိုက်ပျိုးမြေပြုပြင်ဆောင်ရွက်ရာတွင် မိုးတွင်းကာလရေဝတီမြစ်ရေမြင့်တက်ခြင်း၊ မိုးလွန်ကာလဖြစ်သည့် အောက်တိုဘာလဆန်းပိုင်းတွင် မိုးရွာသွန်းမှုများပြီး စိုက်ပျိုးမြေအစိုဓာတ်များခြင်းဖြစ်စဉ်တို့ကြောင့် မြေပြုပြင်စိုက်ပျိုးမှု ရက်အနည်းငယ်နောက်ကျခဲ့ကြောင်းနှင့် လက်ရှိတွင် တောင်သူများက ဆောင်းသီးနှံများကို မြေပြုပြင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကိုဇွဲ(အညာမြေ)

# အစ္စရေး၏တိုက်ခိုက်မှုများကြောင့် ဂါဇာ၌သေဆုံးရသူ ၇၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများနှင့်ကလေးငယ်များဖြစ်

**ဂျီနီဗာ၊ စစ်ရေး**

ဂါဇာဒေသအပေါ် အစ္စရေး၏တိုက်ခိုက်မှုများကြောင့်သေဆုံးရသူများအနက် ၇၀ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်း ကုလသမဂ္ဂ၏လူ့အခွင့်အရေးရုံး (OHCHR) က ထုတ်ပြန်ထားသည်။

ထို့ကြောင့် အစ္စရေးစစ်ဘက်အနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေ၏အခြေခံစည်းမျဉ်းများကို စနစ်တကျချိုးဖောက်လျက်ရှိကြောင်း ယခုဖြစ်စဉ်များက ညွှန်ပြနေသည်ဟု OHCHR ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် သေဆုံးသူများအနက် ၈၀ ရာခိုင်နှုန်းမှာ လူနေရပ်ကွက်များအတွင်းသေဆုံးခြင်းဖြစ်ကြောင်း၊ သေဆုံးသူ ၄၄ ရာခိုင်နှုန်းမှာ ကလေးငယ်များဖြစ်ပြီး အမျိုးသမီးများက ၂၆ ရာခိုင်နှုန်းဖြစ်ကြောင်း OHCHR ၏ ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ပြီးခဲ့သည့်လ၌ အစ္စရေးသည် ဂါဇာရှိစာသင်ကျောင်း စုစုပေါင်း ၆၄ ကျောင်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း၊ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် စာသင်ကျောင်းနှစ်ကျောင်းမှာတိုက်ခိုက်ခံရကြောင်း၊ ထိုသို့စာသင်ကျောင်းများ တိုက်ခိုက်ခံရမှုတွင် ခန့်မှန်းခြေ လူ ၁၂၈ ဦး သေဆုံးကာ အများစုမှာကလေးငယ်များဖြစ်ကြောင်း ယူနီဆက်ကထုတ်ပြန်ထားသည်။

အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသရှိ စာသင်ကျောင်း ၈၅ ရာခိုင်နှုန်းမှာ တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုံးလုံးလျားလျားပျက်စီးသွားပြီဖြစ်ကြောင်းသိရသည်။ **Ref: Sky News**



# ထရမ့်အစိုးရအဖွဲ့တွင် နစ်ကီဟာလေးနှင့်မိုက်ပွန်ပီယိုတို့မပါတော့ဟုဆို

**ဝါရှင်တန်ဒီစီ၊ ပြည်တွင်းရေး**

ထရမ့်အစိုးရအဖွဲ့တွင် နစ်ကီဟာလေးနှင့်မိုက်ပွန်ပီယိုတို့ ပါဝင်တော့မည်မဟုတ်ကြောင်း အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်က ပြောသည်။

"ကျွန်တော့်အနေနဲ့ သံအမတ်ဟောင်းနစ်ကီဟာလေးနဲ့ နိုင်ငံခြားရေးဝန်ကြီးဟောင်း မိုက်ပွန်ပီယိုတို့ကို အခုအစိုးရအဖွဲ့မှာပြန်လည်တာဝန်ထမ်းဆောင်ဖို့မဖိတ်ခေါ်တော့ပါဘူး" ဟု ထရမ့်ကလူမှုကွန်ရက်တွင်ရေးထားခြင်းဖြစ်သည်။

နစ်ကီဟာလေးသည် ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်သမ္မတသက်တမ်းတွင် အမေရိကန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယခုရွေးကောက်ပွဲအတွက် ပါတီကိုယ်စားလှယ်လောင်းတွင် ထရမ့်နှင့်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။

စီအိုအေညွှန်ကြားရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ဖူးသည့် မိုက်ပွန်ပီယိုကို ထရမ့်ကကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ပေးနိုင်သည်ဟူသော သတင်းများထွက်ပေါ်နေစဉ်အမေရိကန်သမ္မတလောင်းက ယခုကဲ့သို့ထုတ်ဖော်ပြောဆိုလာခြင်းဖြစ်သည်။ လက်ရှိတွင် ဒေါ်နယ်ထရမ့်က ၎င်း၏အစိုးရအဖွဲ့အတွက်ပြင်ဆင်နေပြီဖြစ်ကြောင်းသိရသည်။ **Ref: TST**



# မော်စကိုမြို့သို့ဦးတည်လာသည့်ဒရုန်းများကို ကြားဖြတ်ပစ်ချလိုက်နိုင်

**မော်စကို၊ စစ်ရေး**

ရုရှားနိုင်ငံ မော်စကိုမြို့သို့ဦးတည်ပျံသန်းလာသည့် ယူကရိန်း၏ဒရုန်းများကို ကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်း မြို့တော်ဝန် ဆာဂျီဆိုဗျာနင်ကပြောသည်။

ယူကရိန်းသည် နိုဝင်ဘာလ ၁၀ ရက်နံနက်အစောပိုင်းတွင် မော်စကိုမြို့ကိုဒရုန်းများဖြင့်တိုက်ခိုက်ရန်ကြိုးပမ်းခြင်းဖြစ်ပြီး ထိုဒရုန်း ၃၂ စင်းကို ရုရှား၏လေကြောင်းရန်ကာကွယ်ရေးစနစ်များက ကြားဖြတ်ပစ်ချလိုက်နိုင်ခြင်းဖြစ်သည်ဟု ဆိုဗျာနင်က တယ်လီဂရမ်တွင်ရေးထားသည်။

ထို့အတူ ဒရုန်းတစ်စင်းသည် ရာမန်စကိုယီဒေသရှိ ကျေးရွာတစ်ခုသို့ပျက်ကျသွားရာ အိမ်နှစ်လုံးမီးလောင်သည့်အတွက် အသက် ၅၂ နှစ်ရှိအမျိုးသားတစ်ဦးမှာ ဒဏ်ရာရရှိသည်ဟု မော်စကိုဒေသအုပ်ချုပ်ရေးမှူးကပြောသည်။

ယူကရိန်းသည် ရုရှားနိုင်ငံအတွင်းပိုင်းအထိ ဒရုန်းများဖြင့်ဝင်ရောက်၍ စွမ်းအင်အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်နေသော်လည်း ဒရုန်းများမှာ လူနေအိမ်များအပေါ်သာ ကျရောက်နေကြောင်း သိရသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### အမေရိကန်က ယီမင်ရှိဟူသီတို့၏ပစ်မှတ်များကို အဆက်မပြတ်တိုက်ခိုက်

အမေရိကန်စစ်ဘက်သည် နိုဝင်ဘာလ ၉ ရက်နှောင်းပိုင်းတွင် ယီမင်နိုင်ငံရှိ ဟူသီတို့၏ပစ်မှတ်များကို အဆက်မပြတ်တိုက်ခိုက်မှုများ လုပ်ဆောင်ကြောင်း ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးကပြောထားသည်။

တိုက်ခိုက်ခံရသည့်ပစ်မှတ်များတွင် လက်နက်ဂိုဒေါင်များစွာပါဝင်ကြောင်း၊ ဟူသီတို့သည် ပင်လယ်နီနှင့်ဒေဗ်ပင်လယ်ကွေ့တို့၌ လုပ်ဆောင်သောတိုက်ခိုက်မှုများတွင် အဆိုပါဂိုဒေါင်များမှ အဆင့်မြင့်သမားရိုးကျလက်နက်များကိုအသုံးပြုနေခြင်းဖြစ်ကြောင်းနှင့် အမေရိကန်ကတိုက်လေယာဉ်များဖြင့် ထိုပစ်မှတ်များကိုဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးကပြောထားခြင်းဖြစ်သည်။

ဟူသီ၊ ဟားမက်နှင့် ဟစ်ဇဘိုလာတို့သည် အစ္စရေးနှင့်တိုက်ခိုက်မှုများဖြစ်ပွားနေသည့်အဖွဲ့များဖြစ်ကာ ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲမှုမရသေးသမျှကာလပတ်လုံး အစ္စရေးအပေါ်တိုက်ခိုက်မှုများ ရပ်တန့်မည်မဟုတ်ကြောင်း ၎င်းတို့က ပြောထားသည်။ **Ref: MSN**

### အစ္စရေးက ဂါဇာဒေသရှိနေအိမ်နှစ်လုံးကိုတိုက်ခိုက် ကလေး ၁၃ ဦးအပါအဝင် လူ ၃၀ သေဆုံး

အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ဒေသရှိနေအိမ်နှစ်လုံးကို တိုက်ခိုက်မှုများလုပ်ဆောင်ရာ ကလေး ၁၃ ဦးအပါအဝင် လူအယောက် ၃၀ သေဆုံးကြောင်း ဂါဇာအရပ်ဘက်ကာကွယ်ရေးဌာနက နိုဝင်ဘာလ ၁၀ ရက်တွင်ပြောသည်။

အစ္စရေးစစ်ဘက်သည်ဂါဇာမြောက်ပိုင်း ဂျာဘာလီယာအရပ်ရှိ နေအိမ်တစ်လုံးကို ပထမဆုံးတိုက်ခိုက်ခြင်းဖြစ်ပြီး ထိုတိုက်ခိုက်မှုတွင် အနည်းဆုံးလူ ၂၅ ဦး သေဆုံးပြီး အယောက် ၃၀ ကျော်ဒဏ်ရာရရှိသည်။

ထို့နောက် ဆာဘရာအရပ်ရှိနေအိမ်တစ်လုံးကို ဆက်လက်တိုက်ခိုက်ရာ လူငါးဦးသေဆုံးပြီး ပျောက်ဆုံးနေသူအများအပြားရှိနေဆဲဖြစ်ကြောင်း ဂါဇာအရပ်ဘက်ကာကွယ်ရေးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အစ္စရေးစစ်ဘက်တပ်ဖွဲ့ဝင်များသည် အောက်တိုဘာလ ၆ ရက်မှစ၍ ဂါဇာဒေသမြောက်ပိုင်းကို ဝေဟင်၊ မြေပြင်မှထိုးစစ်ဆင်နေခြင်းဖြစ်သည်။ **Ref: Barron**

### ဂျပန်စစ်ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားအကြောင်းရင်းကိုစုံစမ်းနေဆဲဖြစ်

ဂျပန်ရေတပ်မှစစ်ရေယာဉ်တစ်စင်းသည် နိုဝင်ဘာလ ၁၀ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ ရေတပ်စစ်သည်တစ်ဦးမှာ မီးခိုးငွေ့များကို ရှူရှိုက်မိမှုကြောင့် ဆေးရုံတင်ထားရကြောင်း NHK သတင်းဌာနကဖော်ပြထားသည်။

မီးလောင်မှုဖြစ်ပွားသည့်စစ်ရေယာဉ်မှာ ယူကူရိုးမားအမည်ရှိ မိုင်းရှင်းရေယာဉ်ဖြစ်ပြီး ဒေသစံတော်ချိန်နံနက် ၉ နာရီ မိနစ် ၄၀ တွင် ဖူကူအိုကာစီရင်စုကမ်းလွန်၌ခုတ်မောင်းနေစဉ် မီးလောင်ခြင်းဖြစ်သည်။

သို့သော် ထိုသို့မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကိုမူ စုံစမ်းနေဆဲဖြစ်ကြောင်း ရေတပ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမီးလောင်မှုသည် စစ်ရေယာဉ်၏အင်ဂျင်ခန်းမှစတင်ခြင်းဖြစ်ကာ NHK သတင်းဌာနကတင်ဆက်သော ဗီဒီယို၌ သင်္ဘော၏အလယ်ခေါင်မှ မီးခိုးများထွက်နေသည်ကိုတွေ့ရသည်။ ထို့ပြင် စစ်သည်တစ်ဦးမှာ ထိုအထဲတွင်ပိတ်မိနေခြင်းဖြစ်သည်ဟု ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောထားသည်။ **Ref: JP Times**

### ကနေဒါနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူကို ပထမဆုံးတွေ့ရှိ

ကနေဒါနိုင်ငံ၌ H5 အမျိုးအစားကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူကို ပထမဆုံးတွေ့ရှိကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

ဗြိတိသျှကိုလံဘီယာဒေသရှိ ဆယ်ကျော်သက်တစ်ဦးတွင် ထိုရောဂါပိုးကို စစ်ဆေးတွေ့ရှိရခြင်းဖြစ်သည်ဟု ကျန်းမာရေးတာဝန်ရှိသူများက နိုဝင်ဘာလ ၉ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့နောက် သက်ဆိုင်ရာကျန်းမာရေးဌာနက ထိုရောဂါပိုးကူးစက်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိရာ သံသယဖြစ်ဖွယ်ကောင်းသော မည်သည့်ထိတွေ့မှုမျှမတွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောသည်။

ထို့ကြောင့် ယခုကဲ့သို့ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရခြင်းက တိရစ္ဆာန်များမှ တိုက်ရိုက်ကူးစက်ခြင်းဖြစ်နိုင်ပြီး ထိုအခြေအနေသည် ပုံမှန်မဟုတ်သည့် ရှားပါးအခြေအနေဖြစ်ကြောင်း ဗြိတိသျှကိုလံဘီယာဒေသမှ ကျန်းမာရေးတာဝန်ခံ ဒေါက်တာဘန်နီဟင်နရီက ပြောထားသည်။ **Ref: TOI**

# ဟိုင်းကြီးကျွန်းမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မျောပါလျက်ရှိသည့် ကျားဖောင်လုပ်သားများအား ကူညီကယ်ဆယ်



တပ်မတော်(ရေ) စစ်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြန်မာ့ပင်လယ်ပြင်အတွင်း ကျားဖောင်ပျက်၍ မျောပါလာသည့် ကျားဖောင်လုပ်သားများအား အဝတ်အထည်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့၊ မော်တင်စွန်းတောင်ဘက် ရေမိုင် ၂၅ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေထဲမျောပါနေသည့် ကျားဖောင် ၃ ဖောင်မှ ရေလုပ်သား ၁၂ ဦးအား နိုဝင်ဘာလ ၉ ရက် နံနက် ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် ငါးဖမ်းရေယာဉ်မှ တွေ့ရှိကယ်ဆယ်ခဲ့ကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် စစ်ရေယာဉ်က သွားရောက်ကာ အဆိုပါရေလုပ်သားများအား ညနေ ၃ နာရီခန့်တွင် စစ်ရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျားဖောင်လုပ်သား ၁၂ ဦးသည် ဖျာပုံမြစ်ဝမှ ၁၀ မိုင်ခန့်အကွာတွင် ကျားဖောင်လုပ်ငန်းလုပ်ကိုင်နေစဉ် နိုဝင်ဘာလ ၆ ရက် ည ၁၀ နာရီခန့်၌ ရာသီဥတုဆိုးရွားကာ လှိုင်းလေပြင်းထန်လာသဖြင့် ကျားဖောင်များပျက်၍ မျောပါခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး တပ်မတော်(ရေ)စစ်ရေယာဉ်မှ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်၍ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ကာ ရေလုပ်သားများအား သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **နိုဝင်ဘာလ ၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁) မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း(၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၆၅၈၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၁၀ ရက်**တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၀၇၉)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၀၄၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၅၄၈၀၄၈)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကိုထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာလ ၂၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ငါးမင်းဆွေ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ်ကျေးရွာနေ ငါးမင်းဆွေ(ခ)ဦးမင်းဆွေအား နံနက် ၁၁ နာရီ ၂၀ မိနစ်တွင် လှိုင်မြို့မရဲစခန်း၌လည်းကောင်း တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**
**သီရိပျံချီ ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)**
OTS (၂၉)
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်သမဝါယမဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အင်ကြင်းမြိုင်လုံးချင်းအိမ်ရာ၊ အမှတ်(၂၁)နေ ဒေါ်တင်တင်ညွန့်၏ ချစ်လှစွာသောခင်ပွန်း သီရိပျံချီ ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း) (၈၃)နှစ်သည် ၈-၁၁-၂၀၂၄ ရက်(သောကြာနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

**ဝမ်းနည်းကြေကွဲခြင်း**
**အရာခံဗိုလ်(ငြိမ်း) ဗိုလ်လေးထောင်ခန်ဒိုု**
**ကိုယ်ပိုင်အမှတ်၊ ၁၀၆၅၇၅**
Gualnam Beh
**အသက်(၈၉)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တီးကျေးရွာနေ (ဒေါ်ယူခန်းကျင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်ဒိုလျန်၊ ဦးထောင်ရှန်ကမ်း၊ ဒေါ်ဒင်(မ်)ခန်းဝန်တို့၏ဖခင် အရာခံဗိုလ်(ငြိမ်း) ဗိုလ်လေးထောင်ခန်ဒို(၈၉)နှစ်သည် ၇-၁၁-၂၀၂၄ ရက်(ကြာသပတေးနေ့) နံနက် ၁:၅၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

**ပျောက်ဆုံးကြောင်း**
သဃ်န်းကျွန်း၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ အမှတ်(၄၂/၄)နေ ကောင်းထက်လှိုင်(ဘ)ဦးသန်းလှိုင် ၁၂/သဃက(နိုင်)၁၈၄၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဝင်ဘော်ကျေးရွာနေ မဝေယံနှင်း(ဘ)ဦးထွန်းသိန်း ၇/ပခန(နိုင်)၅၀၃၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 537834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၂၈၆၉၀

**ပျောက်ဆုံးကြောင်း**
သောင်းမြင့်(ဘ)ဦးအောင်ရွှေ ၈/တတက(နိုင်)၁၆၄၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 116204)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်လင်း(ဘ)ဦးကျော်ဝင်း ၉/ပမန(နိုင်)၂၀၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 026374)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးမောင်(ဘ)ဦးစိုးဝင်း ၁၂/လသယ(နိုင်)၀၆၇၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မော်လမြိုင်မြို့၊ အ.မ.က(ဝတ်သစ်)ကျောင်းမှ မူလတန်းပြဆရာမ ဒေါ်မြင့်မြင့်ဝင်း ၁၀/မလမ(နိုင်)၀၁၄၀၂၉ ၏ မိဘအမည်မှန်မှာ ဦးအောင်လှ(ခ)ဦးဘငြိမ်း+ဒေါ်ထွေး(ခ)ဒေါ်အုံးမြင့် ဖြစ်ပါကြောင်း။
ဦးအောင်လှ(ခ)ဦးဘငြိမ်း
ဒေါ်ထွေး(ခ)ဒေါ်အုံးမြင့်

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရေပြည့် အ.လ.က၊ ကျောင်းဝင်အမှတ် ၁၅၇၂ (Grade-9) မှ မနှင်းဖြူဇင်၏ဖခင်ဦးသိန်း၏ အမည်မှန်မှာ ဦးဇော်သိန်း ၈/တတက(နိုင်)၁၂၆၂၃၉ ဖြစ်ပါကြောင်း။
ဦးဇော်သိန်း

**ပျောက်ဆုံးကြောင်း**
စည်သူအောင်(ဘ)ဦးစိုးလွင် ၉/မထလ(နိုင်)၂၂၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 366341)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၃၂၇၄၇

**ပျောက်ဆုံးကြောင်း**
မျိုးလွင်(ဘ)စစ်ဟုတ်(ခ)ဦးဖိုးထောင် ၁၄/မမက(နိုင်)၂၈၁၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သင်းသင်းဝေ(ဘ)ဦးရွှေသောင်း ၁၄/မမက(နိုင်)၁၃၆၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကောင်းသန့်စိုး(ဘ)ဦးမျိုးလွင် ၁၄/မမက(နိုင်)၃၇၄၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝင်းကျော်စိုး(ဘ)ဦးကြည်အောင် ၈/မထန(နိုင်)၀၉၆၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(246533)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မယ်ရီဝင်း(ဘ)ဦးဇော်ဝင်း ၁၂/မဘန(နိုင်)၁၀၃၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁




**ပျောက်ဆုံးကြောင်း**
လွင်မင်းသန့်(ဘ)ဦးမျိုးလွင် ၁၄/မမက(နိုင်)၃၇၄၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စိုင်းအောင်ကျော်ဦး(ဘ)ဦးကျော်မြင့် ၁၃/လရန(နိုင်)၁၇၈၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 977044)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၃၆၀၂၅၀

**ပျောက်ဆုံးကြောင်း**
အောင်ကိုဝင်း(ဘ)ဦးအောင်ကြည်၈/တတက(နိုင်)၁၁၄၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 014806)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ယုနန္ဒာအောင်(ဘ)ဦးမိုးကျော်ကျော် ၁၂/သဃက(နိုင်)၁၈၆၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 512774)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၉၅၆၄၀

**ပျောက်ဆုံးကြောင်း**
မြင့်ဇာနည်အောင်(ဘ)ဦးဇော်ကြီး ၉/ရမသ(နိုင်)၂၂၄၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခိုင်နှင်းဝေ(ဘ)ဦးကျော်မင်း ၈/အလန(နိုင်)၂၅၂၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြည်အောင်(ဘ)ဦးကျော်တင် ၈/အလန(နိုင်)၀၉၄၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(878685)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးသိန်း(ဘ)ဦးသောင်းစိန် ၈/အလန(နိုင်)၁၉၄၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(878969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စင်သီယာ(ဘ)ဦးစိုးနိုင် ၁၂/တတန(နိုင်)၁၇၆၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 982576)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မိုးမိုးစန်း(ဘ)ဦးမြင့်အောင် ၇/မလန(နိုင်)၁၂၂၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မိုးမိုးစံ(ဘ)ဦးစံလှ ၁၂/ဥကမ(နိုင်)၁၉၆၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပြည့်စုံအောင်(ဘ)ဦးစံဝင်းရွှေ ၁၂/ဥရန(နိုင်)၀၈၈၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 039737)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၆၄၄၄၅

# ရွှေတောင်မြို့နယ်အတွင်း သီးထပ်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ရွှေတောင် နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရွှေတောင်မြို့နယ်အတွင်း သီးထပ်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် ကျွန်းတန်းကုန်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၉၀ ဆောင်းမြေပဲအထူးဇုန်သို့ သွားရောက်ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေး အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ ၎င်းနောက် မြေပဲစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပါဝင်သော စပါးမျိုးရွေးချယ်ခြင်းလုပ်ငန်း မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စပါးမျိုး(၁၂)မျိုး စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့ မိုးလုံလေလုံအားကစားရုံ၌ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြုအမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းအားကစားနည်း စခန်းသွင်းလေ့ကျင့်နေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားကစားသမားများအတွက် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့်သွေးသစ်ဝင်းလှိုင် ပူးတွဲသရေရလဒ်ထွက်ပေါ်

ဘားအံ နိုဝင်ဘာ ၁၀

ကရင်တိုင်းရင်းသားတို့၏ (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ကရင်ရိုးရာဒုံးအကပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အထူးစာချုပ်စိန်ခေါ်ပွဲများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနောက်ဆုံးနေ့တွင် ခေါင်းပွဲစဉ်အဖြစ် ထွန်းထွန်းမင်း (GCC)ကလပ်နှင့် သွေးသစ်ဝင်းလှိုင် (FAMILY)ကလပ်တို့ယှဉ်ပြိုင်ထိုးသတ်ကြရာ ပူးတွဲသရေရလဒ်သာ ထွက်ပေါ်ခဲ့သည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်က တစ်ဦးလျှင် ယှဉ်ပြိုင်ထိုးသတ်ကြေးငွေကျပ်သိန်း ၂၅၀ စီကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။




ယင်းနောက် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ပဥ္စမမြောက်ည ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်ထက်၌ ကျင်းပရာ ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ၁၉ ဖွဲ့အနက်မှ အကောင်းဆုံး ၁၀ ဖွဲ့ကို ဆန်ခါတင်ရွေးချယ်ယှဉ်ပြိုင်စေခြင်းဖြစ်သည့်အတွက် ယှဉ်ပြိုင်မှုများသည် ယခင်ညများထက် ပိုမိုမြူးကြွမြိုင်ဆိုင်ကာ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားဧည့်သည်များလာရောက်ကြည့်ရှုအားပေးမှုအထူးများပြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆန်ခါတင်ရွေးချယ်ခြင်းခံရသော ဒုံးအဖွဲ့ ၁၀ ဖွဲ့၏ ဖားစည်၊ ကျွဲချို၊ အိုးစည်၊ ဘင်၊ နှဲ၊ မောင်း၊ စည်းဝါး၊ လင်းကွင်းတို့ကိုတီးမှုတ်၍ ကပြယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)


ဈေးကောင်းစိတ်ချ လုံခြုံမှုရစေတာ
ISO 9001:2008 Cert. No.683099
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၄၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ **Myawady Webportal (<u>www.myawady.net.mm/nurse(male)</u>)**တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (<u>www.myawady.net.mm/nurse(male)</u>)တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၇-၁၂-၂၀၂၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)) အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ **Myawady Webportal (www.myawady.net.mm/nurse(female))**တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၇-၁၂-၂၀၂၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# သမိုင်းဝင်ကျိုက္ကဆံ ဆံတော်ရှင်စေတီတော်၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀


ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကဆံ ဆံတော်ရှင်စေတီတော်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် (၄၃) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို သမိုင်းဝင်ကျိုက္ကဆံ ဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူး၍ နိုဝင်ဘာလ ၁၄ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) တွင် စေတီတော်ရင်ပြင်စနေထောင့်၌ ကျင်းပမည်ဖြစ်သည်။

မသိုးရွှေကြာသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲကို သဇင်စင်တော်၊ ခတ္တာစင်တော်၊ မဉ္ဇူစင်တော်၊ ဇလပ်စင်တော်၊ အင်ကြင်းစင်တော်တို့ဖြင့် ရက်လုပ်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရက်လုပ်ပြီးသည့်ရွှေကြာသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည့် နိုဝင်ဘာလ ၁၅ ရက်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များထံ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများကဦးဆောင်၍ ဂေါပကအဖွဲ့၊ အလှူရှင်များနှင့်ပရိသတ်များက ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။

မသိုးရွှေကြာသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ကြသည့် စင်တော်နှင့်အသင်းများအား စိစစ်ရွေးချယ်ရေးအဖွဲ့က စစ်ဆေးပြီး ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ကိုးသိန်း၊ တတိယဆု ငွေကျပ် ရှစ်သိန်း၊ စတုတ္ထဆု ငွေကျပ် ခုနစ်သိန်းနှင့် ပဉ္စမဆု ငွေကျပ်ခြောက်သိန်းကို တန်ဆောင်မုန်းလပြည့်နေ့ညနေပိုင်း၌ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

## မိုးလေဝသ သတင်း




# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခုနစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၄၀၀၀ ကျော်တင်ပို့နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခုနစ်လတာကာလအတွင်း ပုစွန်မက်ထရစ်တန် ၄၀၀၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၃၇၂၈ ဒသမ ၉၆၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၅၈ သန်းရရှိခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၇၈၀ ဒသမ ၄၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄၄ သန်းရရှိသည့်အတွက် စုစုပေါင်း မက်ထရစ်တန် ၄၅၀၉ ဒသမ ၃၇၂ တန်တင်ပို့ပြီးအမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၀၂ သန်းရရှိထားသည်။

ပြည်တွင်းမှ ပုစွန်အပါအဝင် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**စောယု**

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ နောက် ၃၆ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area )တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

**သင်မလိုသောမီးများကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

- ❖ **နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ် . . .**
- ❖ **ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ် . . .**
- ❖ **အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ . . .**
- ❖ **ဥပမာပေးရမည်ဆိုပါက “အရိပ်နေနေ၊ အခက်ချိုးချိုး” ပြုလုပ်နေသူများဖြစ် . . .**
- ❖ **၎င်းကဲ့သို့အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့သို့ရောက်ရှိ၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် “The Tide Rises in the Pearl River Exhibition Center” တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion(GMS) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရှန်းကျန့်မြို့သို့ ထွက်ခွာရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များ၊ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ **စာမျက်နှာ ၁၁ ကော်လံ ၁** ❑

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်** စာ - ၁၃ သို့

**စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၃၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** စာ - ၁၄ သို့

**ဟိုင်းကြီးကျွန်းမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မျောပါလျက်ရှိသည့် ကျားဖောင်လုပ်သားများအား ကူညီကယ်ဆယ်** စာ - ၂၆ သို့

**Thailand Golf Tour ၏ အဆင့်မြင့် Tour တစ်ခုဖြစ်သော All Thailand Golf Tour ၏ Singha Classic 2024 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျော်သက်ဦး ဒုတိယဆုကို ဆွတ်ခူးရရှိ** စာ - ၂၄ သို့